MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တိုဖန်းမြေ သတင်းလွှာ

၂၀၂၄ ခုနှစ်၊ မတ်လ | အတွဲ - ၃၊ အမှတ် - ၄ | သုံးလတစ်ကြိမ်ထုတ်ဝေပါသည်။



# မန်းရေနံမြေတွင် ကောက်ရိုးမှိုမျိုးအိတ် ထုတ်လုပ်နည်းနှင့် စိုက်ပျိုးနည်းဆင့်ပွား သင်တန်းပို့ချ



၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသတွင်း မှိုသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုအားပေးရန်နှင့် ကောက်ရိုးမှိုစိုက်ပျိုးနည်းနှင့် မှိုမျိုးအိတ်ထုတ်လုပ်နည်းများကို စိတ်ပါဝင်စားသည့် ဒေသခံများအနေဖြင့် လက်တွေ့လေ့လာနိုင်စေရန် ရည်ရွယ်၍ ကောက်ရိုးမှိုမျိုးအိတ်ထုတ်လုပ်နည်းနှင့် စိုက်ပျိုးနည်းသင်တန်းပံ့ပိုးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်က အရင်က ကျေးရွာစေတနာ့ဝန်ထမ်းအနေနဲ့ MPRL E&P ရဲ့ CSR လုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မှိုစိုက်တဲ့လုပ်ငန်းကို ဝါသနာအရ အရင်ကတည်းက နေရာစုံက စလေ့လာခဲ့တယ်။ ၂၀၁၉ ခုနှစ်မှာ MPRL E&P က ပံ့ပိုးတဲ့ မှိုစိုက်ပျိုးနည်းသင်တန်းကို တက်ခဲ့ပါတယ်။ အဲ့ဒီကနေ ဒီလုပ်ငန်းကို ထဲထဲဝင်ဝင်လုပ်ဖြစ်ပြီး ကျွန်တော့်အိမ်ဝင်းထဲမှာပဲ MPRL E&P (CSR အစီအစဉ်) ရဲ့ ပံ့ပိုးမတည်မှုနဲ့ မှိုစံပြစိုက်ကွက်တစ်ခု တည်ဆောက်ခဲ့ပါတယ်။ နောက်ပိုင်းလည်း စိုက်ပျိုးရေးနဲ့စီမံခန့်ခွဲရေးဆိုင်ရာ အကူအညီတွေကို CSR လုပ်ငန်းအဖွဲ့ဝင်တွေက တောက်လျှောက်ပံ့ပိုးပေးခဲ့ပါတယ်။

ကျွန်တော့်မှိုစိုက်ကွက်ကနေ ထွက်တဲ့မှိုကို ဒေသတွင်းဈေးကွက်မှာရောင်းပြီး တခြားစိုက်ပျိုးတောင်သူတွေ အလွယ်တကူရရှိအောင် မှိုမျိုးအိတ်တွေကိုလည်း ထုတ်လုပ်ခဲ့ပါတယ်။ အခုဆိုရင် မှိုစိုက်ပျိုးနည်းနဲ့ မျိုးအိတ်ထုတ်လုပ်နည်းတွေကို အတွေ့အကြုံလည်း အတန်အသင့်ရနေပြီမို့ ကျန်တဲ့ စိတ်ဝင်စားတဲ့သူတွေကိုယ်တိုင် မျိုးအိတ်ထုတ်ပြီး စိုက်ပျိုးရောင်းချနိုင်အောင် ကျွန်တော်တို့နဲ့ MPRL E&P (CSR အစီအစဉ်) နဲ့ပူးပေါင်းပြီး ဆင့်ပွားသင်တန်းအနေနဲ့ မျှဝေဖြစ်ခဲ့တာပါ" ဟု ချင်တောင်ကျေးရွာမှ မှိုစိုက်တောင်သူ ဦးနေဇော်က ရှင်းပြသည်။

အဆိုပါအစီအစဉ်တွင် မှိုစိုက်တောင်သူ ဦးနေဇော်က ကောက်ရိုးမှိုမျိုးအိတ်ထုတ်လုပ်ရာတွင် မျိုးအိတ်ထုပ်ပိုးပြင်ဆင်နည်း၊ ပေါင်းခံနည်း၊ စိုက်ပျိုးထုတ်လုပ်နည်းဆိုင်ရာအတွေ့အကြုံများကို ဇန်နဝါရီလ (၁၇) ရက်မှ (၂၀) ရက်နေ့အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ရာ စိတ်ပါဝင်စားသူ ဒေသခံတောင်သူ (၉) ဦး တက်ရောက်ခဲ့သည်။







"ကောက်ရိုးမှို Master မျိုးအိတ်အတွက် ကျွန်တော်တို့တောင်သူအခေါ် တစ်ပေါင်းစာရဖို့ဆို ကောက်ရိုးတစ်တင်းခွဲဝင် အိတ် (၅) အိတ်၊ စတော်ပဲရိုး (၂) အိတ်၊ ဝါဓော့ခွံ (၁၀) ပိဿာလောက် ကိုအခြေခံပြီး ထုတ်လုပ်ပါတယ်။ တခြားအမယ်တွေဖြစ်တဲ့ သကြား၊ ဖွဲနု၊ ဆားခါး၊ ထုံး စတာတွေလည်း သူ့အချိုးနဲ့သူ ထည့်ရပါတယ်။ ဒါလေးတွေကို လက်တွေ့ရောစပ်ပြ၊ မျိုးအိတ်ထုတ်နည်း၊ ပေါင်းဖိုတည်ဆောက်နည်း၊ ပေါင်းနည်း၊ အအေးခံနည်းနဲ့ မှိုမျှင်သန်းလာတဲ့ အခြေအနေတွေကိုလည်း စနစ်တကျလက်တွေ့လုပ်ပြပြီး ပို့ချပေးခဲ့ပါတယ်။" ဟု ဦးနေဇော်က ဆိုသည်။

မှိုမျိုးအိတ်ထုတ်လုပ်ရာတွင် တစ်ပေါင်းစာအချိုးအစားမှ မှိုမျိုးအိတ် (၁၅၀) ထုပ်ခန့် ထွက်ရှိပြီး မှိုစိုက်ပျိုးရန် နွားချေး၊ ကြက်ချေး၊ ကတ်ထူစက္ကူ၊ မျိုးထုပ်၊ ဖွဲနု၊ ဂလူးကို့စ်၊ နွားချေးမှုန့်နှင့် ငါးအမိုင်နိုအက်ဆစ်ရွက်ဖြန်းသဘာဝမြေဩဇာတို့ဖြင့် စိုက်ဘောင်ပြင်ဆင်ခြင်း၊ ပေါင်းမိုးပြင်ဆင်ခြင်း၊ ပေါင်းမိုးလုပ်ခြင်း၊ အားဆေးဖြန်းခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်ရကြောင်း ဦးနေဇော်က ရှင်းပြသည်။

"မှိုက မျိုးအိတ်ပျိုးချိန်နှစ်ပတ်နဲ့ စိုက်ပျိုးချိန်နှစ်ပတ်ပြီးတာနဲ့ တစ်လအတွင်း မှိုထွက်ပါတယ်။ (၁၀'x ၃') စိုက်ဘောင်တစ်ခုကနေ (၅) ပိဿာကနေ (၈) ပိဿာအထိ ပျမ်းမျှထွက်တယ်။ ကောက်ရိုးမှိုကလူကြိုက်များပြီး ဈေးကွက်လည်းရှိတော့ စိုက်သူများတယ်။ မှိုထွက်ရင်ထွက်သလောက် ဝယ်မယ့်သူလည်းရှိတော့ အခုဆိုရင် မှိုကို ကိုယ့်အိမ်ဝိုင်းထဲတင်

စာမျက်နှာ - ၁၃ ➤

တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower – အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း – ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် – ၀၁ ၂၃၀ ၇၇၄၄
အီးမေးလ် – mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် – www.mprlexp.com

# မန်းရေနံမြေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ MPRL E&P (CSR အစီအစဉ်) ဖြင့် ဆက်လက်ပံ့ပိုး

## မကြီးချောင်းကျေးရွာတွင် ရေတွင်းတူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်း

MPRL E&P သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် CSR လုပ်ငန်းအစီအစဉ်များအရ မကြီးချောင်းကျေးရွာတွင် ရေတွင်းတူးဖော်ခြင်း၊ ရေလှောင်ကန် တည်ဆောက်ခြင်း၊ ဆေးသုတ်ခြင်း၊ လျှပ်စစ်မီးလိုင်းများ သွယ်တန်းခြင်းတို့ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းဆောင်ရွက်ခဲ့သည်။

အဆိုပါအစီအစဉ်တွင် အနက်ပေ (၃၅၀) ရှိ ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်ပစ္စည်းများပံ့ပိုးခြင်း၊ အလျား ၈'၊ အနံ ၅' နှင့် အမြင့် ၄.၅' ရှိ ရေလှောင်ကန်တစ်လုံး တည်ဆောက်ခြင်း၊ ရေလှောင်ကန် သန့်ရှင်းသပ်ရပ်ရန်နှင့် ရေရှည်တည်တံ့ရန် အမိုးအကာတပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများလည်း ပါဝင်ခဲ့သည်။







အဆိုပါ လုပ်ငန်းအားလုံးအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၆,၀၀၀,၀၀၀/ (ကျပ်သိန်းခြောက်ဆယ်) မတည်ခဲ့ပြီး မကြီးချောင်းကျေးရွာဒေသခံများ၏ ပူးပေါင်းပါဝင် ပံ့ပိုးမှု ကျပ် ၇၀၅,၀၀၀/ (ကျပ်ခုနစ်သိန်းငါးထောင်) ဖြင့် တည်ဆောက်ခဲ့သည်။ သို့ဖြစ်၍ မကြီးချောင်း ကျေးရွာတွင် ရေတွင်းတူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းများအတွက် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၆,၇၀၅,၀၀၀/ (ကျပ်ခြောက်ဆယ့်ခုနစ်သိန်းငါးထောင်) အသုံးပြု၍ တည်ဆောက်ပံ့ပိုးခဲ့သည်။ ■

## ရွာသာကျေးရွာတွင် ကွန်ကရစ်ရေကျော်လမ်းခင်းခြင်းနှင့် ရေထုတ်မြောင်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခြင်း



ရွာသာကျေးရွာတွင် မိုးရေဝင်ရောက်ပြီး ရေတိုက်စားမှုနှင့် ရေဝပ်မှုကြောင့် လမ်းမြေသားပြိုကျပျက်စီးမှုကို ပြုပြင်နိုင်ရန် ကွန်ကရစ်ရေကျော်နှင့် ရေထုတ်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် မန်းရေနံမြေစီမံခန့်ခွဲရေးအဖွဲ့၏ Special Project Team အဖွဲ့ဝင်များက လိုအပ်သည်များကို အနီးကပ်ပံ့ပိုးခဲ့ပြီး ဒေသခံလမ်းလုပ်သားများဖြင့် ပြုပြင်ခဲ့သည်။ အဆိုပါလုပ်ငန်းများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၄,၆၃၇,၄၀၀/ (ကျပ်လေးဆယ့်ခြောက်သိန်းသုံးသောင်းခုနစ်ထောင့်လေးရာ) မတည်ပံ့ပိုးခဲ့ပြီး ရွာသာကျေးရွာဒေသခံများက ကျပ် ၆၁၆,၄၅၀/ (ကျပ်ခြောက်သိန်းတစ်သောင်းခြောက်ထောင်လေးရာ့





ငါးဆယ်) ပူးပေါင်းပါဝင်ပံ့ပိုးခဲ့သည်။ လုပ်ငန်းများအားလုံးကို စုစုပေါင်း ကျပ် ၅,၂၅၃,၈၅၀/ (ကျပ်ငါးဆယ့်နှစ်သိန်းငါးသောင်းသုံးထောင်ရှစ်ရာ့ငါးဆယ်) ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။ ■

## မန်းကျိုးကျေးရွာ လူထုအခြေပြုဗဟိုဌာနအတွက် ပရိဘောဂများဖြည့်တင်းခြင်း

မန်းကျိုးကျေးရွာလူထုအခြေပြုဗဟိုဌာနတွင် ဒေသခံကလေးငယ်များ စာပေဖတ်ရှုနိုင်ရန်၊ သင်ယူမှုများပိုမိုပြုလုပ်နိုင်ရန်နှင့် စာအုပ်စုဆောင်းပြသနိုင်ရန် လိုအပ်သည့် စာရေးခုံ၊ ထိုင်ခုံ၊ စာအုပ်စင်နှင့် စာအုပ်ဗီဒိုများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပံ့ပိုးခဲ့သည်။ ပရိဘောဂဖြည့်တင်းသည့်အစီအစဉ်တွင် ဗီဒို၊ စာအုပ်စင်၊ Whiteboard၊ ပလတ်စတစ်ထိုင်ခုံနှင့် စာရေးခုံ များပါဝင်ပြီး ပရိဘောဂပစ္စည်းအရေအတွက် (၂၁) ခုအတွက် စုစုပေါင်းကျပ် ၁,၄၇၀,၃၀၀/ (ကျပ်တစ်ဆယ့်လေးသိန်းခုနစ်သောင်းသုံးရာ) အသုံးပြု၍ ပံ့ပိုးခဲ့သည်။ ■

**မန်းကျိုးကျေးရွာ လူထုအခြေပြုဗဟိုဌာနအတွက် ပရိဘောဂများပံ့ပိုးခြင်း**

| စဉ် | ပရိဘောဂအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | ဗီဒို (၅'x ၅.၅'x ၁.၅') | ၁ လုံး |
| ၂ | စာအုပ်စင် (၃' x ၁' x ၅') | ၁ ခု |
| ၃ | Whiteboard (၈'x ၄') | ၁ ခု |
| ၄ | ပလတ်စတစ်ထိုင်ခုံ | ၁၂ လုံး |
| ၅ | စာရေးခုံ | ၆ လုံး |








# တိုးတက်ပြောင်းလဲမှုကို သယ်ဆောင်လာသော အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်

MPRL E&P (CSR အစီအစဉ်) သည် မန်းရေနံမြေဒေသခံ ကျောင်းသားလူငယ်များအတွက် iGroup Myanmar ကုမ္ပဏီမှ မေတ္တာဖြင့် ပံ့ပိုးကူညီသော အရည်အသွေးမြင့် ကွန်ပျူတာဆော့ဖ်ဝဲလ်ပက်ကေ့ချ်ဖြစ်သည့် mangoS-TEEMS Universe (MSU) ပလက်ဖောင်းဖြင့် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာန၌ စတင်ခဲ့သည်။ အလားတူ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် နန်းဦးကျေးရွာ လူထုအခြေပြုဗဟိုဌာန၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မေလတွင် မန်းကျိုးကျေးရွာလူထုအခြေပြုဗဟိုဌာန၌လည်း ထပ်တိုးဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်သည်။

စာသင်ကြားမှုအတွေ့ကြုံရှိသည့် ဒေသခံအမျိုးသမီး သင်ကြားရေးအထောက်အကူပြုနည်းပြ (၃) ဦးက အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်၌ ကွန်ပျူတာ အသုံးပြု၍ အင်္ဂလိပ်စာသင်ကြားမှုကို အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာန၌ သင်တန်းသား (၁၁) ဦးနှင့် နန်းဦးလူထုအခြေပြုဗဟိုဌာနတွင် သင်တန်းသား (၁၄) ဦး အတွက် သက်ဆိုင်ရာနေ့ရက်အလိုက် သတ်မှတ်ပို့ချလျက် ရှိသည်။ အဆိုပါ သင်ကြားရေးအစီအစဉ်အတွက် ကွန်ပျူတာလက်တော့ပ်များ၊ ဆက်စပ်ပစ္စည်းများ၊ အင်တာနက်ဝန်ဆောင်မှုများနှင့် အခြားသင်ထောက်ကူပစ္စည်းများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့သည်။ ထို့အပြင် ကျောင်းသားများအတွက် ကွန်ပျူတာသင်တန်းများ၊ သုံးလပတ်စာမေးပွဲများပြုလုပ်ခြင်း၊ သင်ကြားရေးအထောက်အကူပြုနည်းပြများအတွက် သင်ကြားမှုအကဲဖြတ်ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် သင်ကြားရေးဆိုင်ရာအပတ်စဉ်အစည်းအဝေးများ စီစဉ်ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ အွန်လိုင်းအင်္ဂလိပ်စာသင်ယူခြင်းအစီအစဉ်ဖြင့် မန်းရေနံမြေ၌ အပြုသဘောဆောင်သော တိုးတက်ပြောင်းလဲမှုများ ဖန်တီးလျက်ရှိပုံကို သိရှိလေ့လာနိုင်ရန် အေးမြကျေးရွာလူထုအခြေပြုဗဟိုဌာန၏ အွန်လိုင်းအင်္ဂလိပ်စာသင်တန်းသားများ၊ မိဘများ၊ သင်ကြားရေးအထောက်အကူပြုနည်းပြများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်။





“ မနန်းမှူးခင်
(Grade-5 )

“သမီးတို့အေးမြကျေးရွာစာကြည့်တိုက်မှာ MPRL E&P ကုမ္ပဏီက အွန်လိုင်းအင်္ဂလိပ်စာသင်တန်းဖွင့်ထားလို့ သမီးတက်နေတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ သင်တန်းမှာ အခြေခံကွန်ပျူတာ အသုံးပြုနည်းနဲ့ ကွန်ပျူတာသုံးပြီး စာစီစာရိုက်နည်းတွေလည်း သင်ရပါတယ်။ အင်္ဂလိပ်စာနဲ့ ပတ်သက်တဲ့ စာလုံးပေါင်းတွေ၊ စာကြောင်းဖွဲ့စည်းတာတွေ၊ သဒ္ဒါတွေ၊ ကဗျာတွေ၊ သီချင်းတွေလည်း သင်ရပါတယ်။ သမီးက အင်္ဂလိပ်စာကိုလည်း ကောင်းကောင်း ရေးတတ်၊ ဖတ်တတ်ချင်ပါတယ်။ အင်္ဂလိပ်လိုလည်း သေချာပြောတတ်ချင်ပါတယ်။ ဒါကြောင့် သင်တန်းမှာ ဆရာမတွေ စာရှင်းပြတဲ့အခါ သေသေချာချာ လိုက်နားထောင်ပါတယ်။ စာတွေ ဖတ်ခိုင်း၊ ရေးခိုင်းတဲ့ အချိန်တွေမှာလည်း သေသေချာချာ လိုက်ဆို၊ လိုက်ရေးလုပ်ပါတယ်။ ဒီမှာသင်ရတဲ့ သင်ခန်းစာတွေက ရုပ်ပုံတွေ၊ ဗီဒီယိုတွေ၊ သီချင်းတွေ၊ ဂိမ်းတွေနဲ့ဆိုတော့ အရမ်းစိတ်ဝင်စားဖို့ကောင်းပါတယ်။ သမီးက အင်္ဂလိပ်သဒ္ဒါ သင်ခန်းစာတွေနဲ့ သီချင်းတွေ လေ့လာရတာကို ပိုကြိုက်ပါတယ်။ အိမ်ရောက်ရင်လည်း သင်တန်းကပေးတဲ့စာတွေ ပြန်လုပ်ပါတယ်။ ကျက်စရာရှိတာကျက်၊ ရေးစရာရှိတာရေးပါတယ်။ ဒါကြောင့် သုံးလတစ်ကြိမ်စစ်တဲ့ သင်တန်းစာမေးပွဲတွေမှာလည်း ပထမဆုနှစ်ခါရဖူးပါတယ်။ ဒီအင်္ဂလိပ်စာသင်တန်းတက်ပြီးတော့ အရင်ကမသိခဲ့တဲ့စာတွေ ပိုပြီးသိလာပါတယ်။ ကျောင်းက ဆရာမသင်ပြတဲ့ အင်္ဂလိပ်စာတွေကိုလည်း ပိုပြီးနားလည်လာပါတယ်။ သမီးတို့ ကျောင်းမှာတော့ ဒီလိုကွန်ပျူတာနဲ့ စာသင်ရတာမျိုးမရှိသေးပါဘူး။ အခုသင်တန်းမှာတော့ အင်္ဂလိပ်စာအပြင် ကွန်ပျူတာနဲ့ အွန်လိုင်းလည်း သင်ခွင့်ရပြီး သုံးခွင့်လည်းရပါတယ်။ အခုတော့ အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ စာရိုက်တတ်နေပါပြီ။ ဒီမှာအင်္ဂလိပ်စာသင်တန်းတက်ရတာကိုလည်း တကယ်သဘောကျပါတယ်။ သူငယ်ချင်းတွေနဲ့အတူတူ သင်တန်းတက်ရလို့လည်း ပျော်ပါတယ်။ သင်တန်းတွေ ထပ်ဖွင့်ရင်လည်း ထပ်တက်ဦးမှာပါ။”



“ မောင်ကောင်းခန့်ကျော်
(Grade-3)

“သားက ကွန်ပျူတာနဲ့စာသင်ရတာကို သဘောကျလို့ သင်တန်းကို စောစောရောက်အောင်လာပြီး ကွန်ပျူတာသုံးပြီး အင်္ဂလိပ်စာနဲ့ မြန်မာစာတွေကို နာရီဝက်လေ့ကျင့်ပါတယ်။ စာလုံးပေါင်းသတ်ပုံတွေလည်း လေ့ကျင့်ပါတယ်။ မသိတဲ့ စကားလုံးတွေရှိရင်လည်း ဆရာမကို မေးတယ်။ အွန်လိုင်းကနေလည်း ရှာကြည့်ပါတယ်။ သင်တန်းမှာ ဆရာမသင်တဲ့စာတွေကို ကွန်ပျူတာနဲ့လိုက်ရေးပြီး folder ဖွဲ့ပြီး သိမ်းတတ်ပါတယ်။ ကွန်ပျူတာစာစီစာရိုက်တဲ့ ဆော့ဖ်ဝဲလ်ကိုဖွင့်ပြီး စာရိုက်လေ့ကျင့်တဲ့ ဗီဒီယိုတို့၊ ဓါတ်ပုံတို့ကိုလည်း သေချာရိုက်တတ်ပါတယ်။ သားတို့ကိုယ်ပိုင် Student Account ကနေပဲ ဝင်ဖတ်လို့ရတဲ့ MSU ပလက်ဖောင်းပေါ်က အင်္ဂလိပ်စာတွေကိုလည်း ဝင်ဖတ်ပြီး လေ့ကျင့်ခန်းတွေ လိုက်လုပ်ပါတယ်။ ဆရာမတွေ သင်ပြီးသားစာတွေ၊ မသင်ရသေးတဲ့စာတွေပါ ပါတယ်။ အခု Level-6 အထိ ရောက်နေပါပြီ။ သားလိုပဲ သားတို့သင်တန်းက သင်တန်းသား (၄) ယောက်လောက်လည်း ဒီလိုဝင်လေ့လာရင်း အခု Level-6

အထိ ရောက်နေပါပြီ။ သင်တန်းပြီးလို့ အိမ်ပြန်ရောက်ရင်လည်း သင်လာခဲ့တဲ့ကဗျာတွေ၊ စာတွေ၊ သီချင်းတွေကို မေမေတို့ကို ပြန်ဆိုပြပါတယ်။ အင်္ဂလိပ်လို ကိုယ်သိသလောက် မှတ်မိသလောက် စကားလုံးလေးတွေနဲ့ မေမေတို့ကို ပြန်ပြောပါတယ်။ သားက သင်တန်းတက်ရတာ တကယ်ပျော်ပါတယ်။ ကိုယ်မသိတဲ့ အင်္ဂလိပ်စာလုံးတွေအများကြီးသိလာပြီး ကဗျာတွေ၊ သီချင်းတွေလည်းရတယ်။ သုံးလတစ်ကြိမ်လည်း စာမေးပွဲဖြေရပါတယ်။ သားက အွန်လိုင်းအင်္ဂလိပ်စာသင်တန်းစာမေးပွဲမှာ ဒုတိယဆုရတာ သုံးခါရှိပါပြီ။ ကွန်ပျူတာနဲ့ အင်္ဂလိပ်စာသင်ရတာကိုတော့ အမှန်တကယ်စိတ်ဝင်စားပြီး သဘောလည်းကျပါတယ်။”



ဦးအောင်တိုး
(ကျောင်းသားမိဘ)

“ကျွန်တော်တို့ အေးမြရွာမှာ MPRL E&P ရဲ့ CSR အစီအစဉ်ကနေဖွင့်တဲ့ အွန်လိုင်းအင်္ဂလိပ်စာသင်တန်းမှာ ကျွန်တော့်သားနဲ့သမီးအပါအဝင် ရွာထဲက ကလေး (၁၁) ယောက်လောက် တက်နေပါတယ်။ သင်တန်းတက်နေတဲ့ ကလေးအများစုရဲ့ အင်္ဂလိပ်စာအရည်အသွေးကလည်း တိုးတက်ကောင်းမွန်လာတယ်လို့ သိရပါတယ်။

ကျွန်တော့်သမီး နန်းမှူးခင်ကတော့ ထမင်းစားရေသောက်ကအစ အင်္ဂလိပ်လို ထည့်ထည့်ပြောတတ်လာပါတယ်။ သင်တန်းမှာစစ်တဲ့ စာမေးပွဲတွေမှာလည်း ကျွန်တော့်သမီးလေးက ပထမဆု နှစ်ခါရဖူးပါတယ်။ သမီးရော သားပါ စာလိုက်နိုင်ကြတယ်။ ကလေးတွေက ကျောင်းကပြန်ရောက်တာနဲ့ အင်္ဂလိပ်စာသင်တန်း သွားတက်ဖို့အတွက်ကို တက်တက်ကြွကြွပြင်ဆင်ကြတာပါ။ သူတို့တွေက အင်္ဂလိပ်စာလည်း ဝါသနာပါသလို ကွန်ပျူတာလည်း ဝါသနာပါကြပါတယ်။ သူတို့လေးတွေ ဝါသနာပါတဲ့ ကွန်ပျူတာကိုလည်း လေ့လာနိုင်အောင်၊ အင်္ဂလိပ်စာလည်း လေ့လာနိုင်အောင် ကွန်ပျူတာလေးတစ်လုံးလောက် ဝယ်ပေးမယ်လို့ စဉ်းစားထားပါတယ်။ အလုပ်ကပြန်လာတဲ့အချိန် ကလေးတွေ သင်တန်းတက်နေတာနဲ့ကြုံရင် သင်တန်းထဲခဏဝင်ကြည့်ဖြစ်ပါတယ်။ ကလေးတွေက စာကို ဒီလို တက်တက်ကြွကြွ၊ ပျော်ပျော်ရွှင်ရွှင် သင်နေတာမြင်ရလို့ ပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ ရပ်ရွာဒေသက ကလေးတွေလည်း မြို့ပေါ်က ကလေးတွေလိုပဲ ခေတ်မီနည်းစနစ်တွေနဲ့ ပညာသင်ယူခွင့်ရနေတာမြင်ရလို့ ကျွန်တော်တို့ ဒေသခံတွေအားလုံး ဝမ်းသာကြသလို ကျေးဇူးလည်းတင်ကြပါတယ်။ ဒီလိုအခွင့်အရေးမျိုးက ရခဲတာဖြစ်ပြီး MPRL E&P ကုမ္ပဏီက ပံ့ပိုးပေးလို့သာ ကျွန်တော်တို့ ကလေးတွေ ဒီလိုအဆင်ပြေပြေနဲ့ ပညာသင်ယူခွင့်ရတာပါ။ ကုမ္ပဏီပံ့ပိုးမှုသာမရှိရင် ကျွန်တော်တို့ ဒေသခံကလေးတွေအနေနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အရေးနည်းတာပေ့ါ။ ကိုယ်တိုင်ဆို ဒီလိုအခြေအနေမျိုးပံ့ပိုးပေးဖို့ မလွယ်ပါဘူး။ ဒီအတွက်လည်း MPRL E&P ကုမ္ပဏီကို ကျေးဇူး အများကြီးတင်ပါတယ်။ နောင်လည်း ဆက်လက်ပံ့ပိုးနိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။”



ဒေါ်နှင်းဝတ်ရည်မြင့်
(ကျောင်းသားမိဘ)

“ကျွန်မက ကောင်းခန့်ကျော်ရဲ့ မိခင်ဖြစ်ပါတယ်။ သားလေးက ဒီအွန်လိုင်းအင်္ဂလိပ်စာသင်တန်းမှာ သင်တန်းတက်နေတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ သူ သင်တန်းမတက်ခင်က အင်္ဂလိပ်စာ သိပ်မရပါဘူး။ အခု သင်တန်းတက်ပြီးတော့ စကားပြောတဲ့အခါ အင်္ဂလိပ်စကားလုံးလေးတွေ ထည့်ထည့်ပြီးပြောတတ်လာပါတယ်။ အိမ်မှာကွန်ပျူတာမရှိပေမယ့် သင်တန်းမှာ သူသင်လာခဲ့ရတာတွေကို ပြန်ပြောပြပါတယ်။ သင်တန်းကသင်ပေးလိုက်တာတွေကို သားလေးက ပြန်ပြီးလေ့လာပါတယ်။ ကျောင်းက ပြန်ရောက်တာနဲ့ ခဏနားပြီး ရေချိုး၊ သင်တန်းဝတ်စုံဝတ်ပြီး သင်တန်းသွားတော့တာပါပဲ။ ကျွန်မသားက သင်တန်း



တက်ရမှာလည်း မပျင်းသလို သင်တန်းလည်းပျက်ခဲပါတယ်။ တခြားကလေးတွေလည်း သင်တန်းကိုလည်း တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲတက်ကြတာပါ။ မီးမလာတဲ့ ရက်တွေဆိုလည်း ဆိုလာမီးနဲ့ မီးဖွင့်သင်ကြတာမို့ တော်ရုံတန်ရုံ သင်တန်းမပျက်ကြပါဘူး။ ကျွန်မသားလေး အပါအဝင် ကိုယ့်ဒေသက ကလေးတွေလည်း ဒီလိုတိုးတက်ပြောင်းလဲလာတာတွေ့ရလို့ ဝမ်းလည်းဝမ်းသာသလို ပီတိလည်း ဖြစ်ရပါတယ်။ MPRL E&P (CSR အစီအစဉ်) ရဲ့ ပံ့ပိုးမှုနဲ့ ဒီလိုသင်တန်းတွေကို အခကြေးငွေပေးစရာမလိုဘဲ သင်ယူခွင့်ရတဲ့အတွက် အစ်မတို့ဒေသခံတွေအနေနဲ့ တကယ်ကျေးဇူးတင်ပါတယ်။ MPRL E&P ကုမ္ပဏီအနေနဲ့ ဒီထက်မကလည်း ကူညီပံ့ပိုးနိုင်ပါစေလို့ ဆုတောင်းပါတယ်။”



ဒေါ်စိုးစိုးနွယ်
(သင်ကြားရေးအထောက်အကူပြုနည်းပြ)

“ကျွန်မတို့ ဒေသက ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်တွေ ရှိနေသေးတာမို့ ခေတ်မီပညာတွေ သင်ယူခွင့်ရဖို့ အလှမ်းဝေးပါတယ်။ ကလေးမိဘတွေက မိသားစုစားဝတ်နေရေးအတွက် လုံးပန်းနေရတာများနေလို့ ကလေးတွေအတွက် ဒီလိုဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ သင်ယူခွင့်တွေ သေသေချာချာ မပံ့ပိုးနိုင်ပါဘူး။ MPRL E&P ရဲ့ CSR အစီအစဉ်ကနေ ကူညီပံ့ပိုးလို့သာ ဒေသခံကလေးတွေအနေနဲ့ အေးမြနဲ့ နန်းဦးကျေးရွာတို့မှာ အွန်လိုင်းကနေတစ်ဆင့် အင်္ဂလိပ်စာသင်ယူတယ်ဆိုတဲ့ အခြေအနေမျိုး ရှိလာတာပါ။ ကျွန်မအနေနဲ့ ဒီသင်တန်းမှာ ကလေးတွေကို အင်္ဂလိပ်စာနဲ့ ကွန်ပျူတာအသုံးပြုတတ်အောင်ပါ ကူညီပြီးသင်ပေးပါတယ်။ အေးမြသင်တန်းကျောင်းက ကလေးတွေက သင်တန်းစတက်တုန်းက စာကြောင်းတစ်ကြောင်းလုံး အပြည့်အစုံဘာသာမပြန်တတ်သေးပါဘူး။ သင်တန်းမှာ စနစ်တကျသင်ယူပြီးတဲ့အခါမှာတော့ သူတို့အင်္ဂလိပ်စာက စရောက်တုန်းကနဲ့မတူဘဲ သိသိသာသာ တိုးတက်လာကြတာကို တွေ့ရပါတယ်။ ဒေသခံကလေးတွေအနေနဲ့ ကွန်ပျူတာကို အကျွမ်းတဝင် သုံးဖူးတာမျိုးမရှိတော့ အခုလို ကွန်ပျူတာသုံးပြီး သင်ခွင့်ရတဲ့အခါ တက်တက်ကြွကြွနဲ့ သင်ယူလေ့လာကြပါတယ်။ ကျွန်မအနေနဲ့လည်း စာမသင်ခင်မှာ ကြိုတင်လေ့လာသင်ယူမှုတွေလုပ်ရပြီး သင်ကြားတဲ့အခါမှာလည်း နားလည်လွယ်စေမယ့် ဥပမာတွေပြောပြီး သင်ပေးပါတယ်။ မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာလုံးပြောပြီး သင်ပေးပါတယ်။ ကျွန်မတို့ သင်တန်းဆရာမတွေကိုလည်း ကလေးတွေနဲ့အတူ ဖွံ့ဖြိုးတိုးတက်လာအောင်ဆိုပြီး CSR အစီအစဉ်ကနေ အခြေခံကွန်ပျူတာ သင်တန်းပေးတာမျိုး၊ လူထုဖွံ့ဖြိုးရေး စွမ်းဆောင်ရည်မြှင့်တင်တဲ့သင်တန်းတွေပေးတာမျိုး၊ ကျွန်မတို့ရဲ့သင်ပြမှုကို ပုံမှန်လေ့လာဆန်းစစ်ပြီး လိုအပ်တာတွေ အကြံပြုဆွေးနွေးပေးတာမျိုးတွေ လုပ်ပါတယ်။ အေးမြသင်တန်းကျောင်းက သင်တန်းသားတွေက သင်တန်းကာလ တစ်နှစ်ကျော်ပြီဖြစ်တဲ့အတွက် သိသိသာသာတိုးတက်လာတာကို တွေ့မြင်ရပါတယ်။ နန်းဦးသင်တန်းကျောင်းက သင်တန်းသားတွေကတော့ အခုမှ သင်တန်းစခါစမို့ သူတို့လည်း အချိန်အတိုင်းအတာတစ်ခုရောက်ရင် အေးမြသင်တန်းသားတွေလို တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။”

စာမျက်နှာ - ၁၇ ➤



မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီ၏ လူမှုတာဝန်သိ CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရရှိကြသည့် မန်းရေနံမြေဒေသခံ တစ်ဦးချင်း၏ အတွေ့အကြုံများကို အလေးထားနားထောင်ခြင်းဖြင့် ဒေသလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဆက်လက်ပံ့ပိုးနိုင်ရန် ရည်ရွယ်၍ တို့မန်းမြေသတင်းအယ်ဒီတာအဖွဲ့နှင့် ဒေသခံများ၏ တွေ့ဆုံမေးမြန်းမှုများကို မျှဝေတင်ပြအပ်ပါသည်။

"Share Your Story, CREATE CHANGE!

# အကြောင်းအရာမျှဝေကာ၊ အသစ်ပြောင်းလဲ ဖန်တီးပါ

## မန်းရေနံမြေဒေသခံတို့၏ CSR လုပ်ငန်းဆိုင်ရာ မျှဝေစကားသံများ



ဦးစိန်သောင်းထွေး
လေးအိမ်တန်းကျေးရွာ

"ရွှေ့လျားဆေးပေးခန်းတွေ အခမဲ့ဖွင့်ပေးတာနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်ပြောရရင် တော်တော်ကောင်းပါတယ်။ ကျွန်တော်တို့ကို MPRL E&P (CSR အစီအစဉ်) ကနေ ပံ့ပိုးတယ်ဆိုတာလည်း နားလည်ပါတယ်။ ဒီဆေးပေးခန်းတွေက မန်းရေနံမြေက ကျွန်တော်တို့လို ထိစပ်ကျေးရွာတွေက ဒေသခံအားလုံး အလွယ်တကူလာရောက်ပြသနိုင်တာ၊ အခမဲ့ဆေးပေးနေတာက အင်မတန်ကောင်းမွန်တဲ့ကိစ္စပါ။ လေးအိမ်တန်းရွာခံတစ်ယောက်အနေနဲ့လည်း ဆေးခန်းက ကျွန်တော့်အိမ်နဲ့ကပ်နေတော့ လိုအပ်တာကို စေတနာထားပြီး ကူညီပေးပါတယ်။ ကုမ္ပဏီရဲ့ စေတနာအပေါ်မှာ ကိုယ်ပါ ကုသိုလ်ယူတဲ့သဘောပေါ့။ ဆေးခန်းမှာလာကြည့်ပေးတဲ့ဆရာဝန်နဲ့ ကျန်းမာရေးဝန်ထမ်းတွေလည်း ဝိုင်းဝန်းပံ့ပိုးကြပါတယ်။ ကျွန်တော်တို့လို ဒေသခံများအများစုက ချို့တဲ့ကြပါတယ်။ တချို့က သမားတော်နဲ့ ဆက်ပြဖို့ အခက်အခဲရှိတာမျိုး၊ ဓာတ်မှန်ရိုက်ထားတဲ့အဖြေနဲ့ ပြန်ပြရတာမျိုးဆိုတဲ့ အခြေအနေရှိတဲ့လူနာတွေဆို သေချာလေး ဆက်ကုနိုင်ဖို့ ခက်ခဲကြပါတယ်။ ဆရာဝန်တွေရဲ့ အကြံပြုချက်တွေကို သဘောပေါက်ပေမယ့်လည်း ဆက်မလုပ်နိုင်တာမျိုးတွေရှိတော့ နေမကောင်းရင် ပြလို့ရတယ်ဆိုတဲ့အသိနဲ့ပဲ ဆေးခန်းကိုအားကိုးလာကြရတဲ့ အပိုင်းလေးတွေ ရှိပါတယ်။ ပြီးတော့ ဒူးနာ၊ ခါးနာဆိုတဲ့ ဝေဒနာရှင်တွေက များပါတယ်။ သက်ကြီးပိုင်း၊ လုပ်ကိုင်ခဲ့တဲ့ အလုပ်သဘောသဘာဝကြောင့် ဒီလိုဝေဒနာတွေဖြစ်လို့ အားကိုးပြီးလာပြကြတာပါ။ ဒီအပေါ်မှာ ကုမ္ပဏီကလည်း ဆေးပေးခန်းတွေနဲ့ အခမဲ့ပံ့ပိုးထားတာကို အများကိုယ်စား ကျေးဇူးတင်ပါတယ်။ ဒေသခံတွေနဲ့ အဓိက ထိတွေ့ရတဲ့ ဆရာဝန်နဲ့ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ပိုပြီးထိရောက်အောင် စေတနာထားပြီး ဆောင်ရွက်ပေးတာ၊ နာမကျန်းလူနာတွေရှိရင်လည်း အိမ်တိုင်ရာရောက်စောင့်ရှောက်ပေးတာကို လိုလိုလားလားလိုက်ကြည့်ပေးတာ၊ မေးမြန်းကုသပေးတာလေးတွေကို တကယ်ကျေးဇူးတင်ပါတယ်။ ဒီလိုဆေးခန်းမျိုးတွေက ရပ်ရွာအတွက် မရှိမဖြစ်အရေးပါတာမို့ ဒီထက်ပိုပြီးတော့လည်း ဂရုတစိုက်နဲ့ စောင့်ရှောက်ပေးမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။"







ဒေါ်နုနုခိုင်
ခရမ်းချဉ်တောင်သူ၊ မန်းကျိုးကျေးရွာ

"ကျွန်မက ခရမ်းချဉ်စိုက်ပျိုးလာတာ ဆယ်နှစ်ကျော်ရှိပါပြီ။ မန်းကျိုးမှာတိုင်ထောင်စိုက်ပျိုးနည်းကို ကျွန်မတို့ အရင်ဆုံးသုံးခဲ့ပြီး နောက်ပိုင်း MPRL E&P ကပေးတဲ့ စိုက်ပျိုးရေးသင်တန်းတွေတက်ပြီးတော့ ပလတ်စတစ်အုပ်ပြီး မြေငွေ့ထိန်းတဲ့နည်းနဲ့ စိုက်ပျိုးခဲ့ပါတယ်။ တိုင်ထောင်ပြီး ပလတ်စတစ်အုပ်စိုက်တဲ့သဘောပါ။ ဒီနည်းမှာက အစိုဓာတ်ကိုထိန်းနိုင်တော့ ရေတင်ရေချရတဲ့အကြိမ်ရေ နည်းသွားပါတယ်။ ရေအစိုဓာတ်ကိုထိန်းတဲ့အပြင် ပေါင်းရှင်းပေါင်းနုတ်ရတဲ့ ပြဿနာလည်း တော်တော်လေးဖြေရှင်းပြီးသားဖြစ်သွားပါတယ်။ နောက်တစ်ခါ ပလတ်စတစ်လုပ်ချိန်မှာ ပိုးရှိ၊ မရှိ ကြည့်ရတာသိသာတော့ သဘာဝပိုးဆေး၊ သဘာဝရွက်ဖြန်းဆေးတွေ အချိန်မီဖြန်းနိုင်ပါတယ်။ ဒီနှစ်အတွေ့အကြုံအရတော့ အစပိုင်းရာသီဥတုက မိုးဝင်တာလေးရှိတော့ အပွင့်ကြွေတာနဲ့ အရင်ကြုံရတယ်။ အသီးမတင်ဘူးပေါ့။ အခုနောက်ပိုင်းရာသီဥတုက ပွင့်လင်းလာတော့






အသီးကောင်းတယ်။ ကျွန်မအခင်းက ၀.၄၀ ဧကကို နှစ်ရက်ခြားတစ်ခါ အသီးဆွတ်ရင် ပိဿာချိန် (၂၀၀) လောက်ရပါတယ်။ ဒီနှစ်စိုက်ပြီးကတည်းက အကြိမ်ရေ (၄၀) လောက် ဆွတ်ခဲ့ပြီးတာမို့ ပိဿာချိန် (၈,၀၀၀) လောက်ရခဲ့ပြီးပါပြီ။ ဈေးကောင်းရရင်တော့ ကိုယ့်အတွက်ပိုကျန်ပါတယ်။ အသီးအထွက်ကောင်းပေမယ့် ဈေးကောင်းမရတဲ့အချိန်တွေလည်းရှိပါတယ်။ ကျွန်မက ခရမ်းချဉ်ကိုပဲ အဓိကစိုက်ပျိုးအသက်မွေးတဲ့သူမို့ ဒီစိုက်ပျိုးရေးကိုလည်း ဆက်ပြီးလုပ်ကိုင်နေမှာပါ။"



ဒေါ်ကြူကြူဝင်း
ကြာကန်ကျေးရွာ

"ကျွန်မတို့မိသားစုက သားသမီး (၄) ယောက်ရှိပါတယ်။ အကြီးဆုံးသမီးက အိမ်ထောင်ကျပြီး ရွာသာရွာမှာ နေပါတယ်။ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) မှာ MPRL E&P ရဲ့ ပညာသင်ဆုနဲ့ ကျောင်းတက်နေတဲ့ သမီး မဝေဝေလင်း ကတော့ ဒုတိယသမီးပါ။ သူ့အောက်မှာ (၁၁) တန်းနဲ့ (၂) တန်း ကျောင်းသားနှစ်ယောက်လည်း ရှိပါသေးတယ်။ ကျွန်မက ကိုယ့်ရပ်ကိုယ့်ရွာထဲတင် တစ်နိုင်တစ်ပိုင် စက်ချုပ်ပြီး အမျိုးသားက ကုန်တင်ကုန်ချအလုပ်လုပ်ပါတယ်။ လက်ရှိမှာတော့ အမ်း၊ စစ်တွေဂိတ်တွေ ပိတ်ထားလို့ အမျိုးသားက ယာထဲ၊ ကိုင်းထဲမှာ နေ့စားနဲ့ ကျပန်းအလုပ်လေးတွေ လုပ်နေပါတယ်။ ကျွန်မတို့လို မိသားစုတွေအတွက်တော့ ကလေးပညာရေးအတွက် ဒီလိုပညာသင်ဆုနဲ့ပံ့ပိုးတဲ့အပေါ်မှာ အတိုင်းမသိ ကျေနပ်ဝမ်းသာရပါတယ်။ မိသားစုများပြီး ကျောင်းသားများတဲ့ ကျွန်မတို့ မိသားစုအတွက် သမီးအလတ်ကို အခုလို စိုက်ပျိုးရေးသိပ္ပံမှာ နေစရိတ်၊ စားစရိတ် မပူရဘဲ (၃) နှစ်သင်တန်းထားနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ အခုဆို သမီးလတ်ကျောင်းတက်တာ သုံးနှစ်ထဲဝင်လာပါပြီ။ သမီး မဝေဝေလင်းက ပထမနှစ်တုန်းက အဆင့် (၇) နဲ့ အောင်မြင်ပြီး ဒုတိယနှစ်မှာ အဆင့် (၄) နဲ့ အောင်မြင်ခဲ့ပါတယ်။ အခု ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှာ တတိယနှစ် (နောက်ဆုံးနှစ်) အပိုင်း-က စာမေးပွဲ ဖြေပြီးပါပြီ။ သမီးအတွက်က နှစ်စဉ် ကျောင်းလခ၊ စာအုပ်စာတမ်းကြေး၊ အဆောင်စရိတ်နဲ့ သုံးစွဲဖို့ငွေကအစ ကုမ္ပဏီရဲ့ ပညာသင်ဆုကနေပဲ အားလုံးပံ့ပိုးပေးပါတယ်။ အခုလို MPRL E&P ရဲ့ (CSR အစီအစဉ်) နဲ့ ပံ့ပိုးမှုကြောင့် ကုမ္ပဏီကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ကျွန်မတို့ဒေသက ပညာသင်ဆု လျှောက်လိုတဲ့ တခြားကလေးတွေနဲ့ မိဘတွေကိုလည်း ကြိုးစားလျှောက်ကြည့်ဖို့ ကျွန်မတိုက်တွန်းမိမှာပါ။"








ဦးသိန်းဌေး
ရွာသာကျေးရွာအုပ်ချုပ်ရေးမှူး

"ကျွန်တော်တို့ရွာသာကျေးရွာက အိမ်ခြေ (၅၀၆) အိမ်မှာ လူဦးရေ (၁,၆၀၀) ကျော်နေထိုင်ပါတယ်။ အခု ရွာအတွက်ဆိုရင် လောလောလတ်လတ် ဖွံ့ဖြိုးရေးလုပ်ငန်းအနေနဲ့ ရွာအဝင်နဲ့ မင်းဘူး (စကု) လမ်းကို ဆက်သွယ်ထားတဲ့ လမ်းမကြီးအတွက် ရေကျော်ကွန်ကရစ်တည်ဆောက်ရေးကို (CSR အစီအစဉ်) နဲ့ ပြီးစီးခဲ့တာပါ။ ဒါက CSR ရန်ပုံငွေနဲ့ အဓိကပံ့ပိုးခဲ့ပြီး ကျွန်တော်တို့ကျေးရွာတွေက ဆယ်ချိုးတစ်ချိုးလောက်ပဲ ငွေကြေးအားဖြင့် ပါဝင်ရပြီး၊ လုပ်အားပံ့ပိုးခဲ့တာပါ။ ကျွန်တော်က MPRL E&P (CSR အစီအစဉ်) နဲ့ အများကြီး လက်တွဲလုပ်ခဲ့သူမို့ ဒီကရတဲ့ အသီးအပွင့်တွေကို သိပါတယ်။ ကျွန်တော်တို့ ရွာသာအတွက်ဆိုရင် နှစ်စဉ်နှစ်တိုင်း CSR အစီအစဉ်ကနေရတဲ့ပံ့ပိုးမှုတွေ ရှိပါတယ်။ ကျောင်းသုံးပရိဘောဂ၊ မြစ်ရေတင်စီမံကိန်းက ရေစက်နဲ့ ရေလိုင်းတွေ၊ အုတ်ရေကန်၊ လက်ဆေးစင်၊ ရေအိမ်၊ ခြံစည်းရိုး၊ ရေသန့်စက် စသဖြင့်တော်တော်များများ ပြည့်စုံအောင်ရထားပါတယ်။ ဒီနှစ်တော့ ပေ ၃၀ ပတ်လည်ရှိတဲ့ လမ်းရေကျော်တည်ဆောက်ဖို့ကို CSR အစီအစဉ်ကနေ ကျပ် (၄၆) သိန်းကျော်နဲ့ ကျွန်တော်တို့ ကျေးရွာက ထည့်ဝင်ငွေ (၇) သိန်းနီးပါးပေါင်းပြီး သိန်း (၅၀) ကျော် အကုန်အကျခံပံ့ပိုးခဲ့တဲ့ ရေကျော်ကွန်ကရစ်နဲ့ ရေနုတ်မြောင်းတူးဖော်တဲ့လုပ်ငန်းတွေကို ပြီးစီးခဲ့တာပါ။ ဒါက ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ပါဝင်ရတဲ့အပြင် MPRL E&P ရဲ့ CSR လုပ်ငန်းအဖွဲ့တွေနဲ့ Special Project Team က အင်ဂျင်နီယာတွေက အမြဲလာပြီး ကြည့်ရှုပေးတော့ အရင်က (၆) လက်မထုခင်းဖို့လျာထားတဲ့ နေရာတွေ (၈) လက်မထု ခင်းဖြစ်အောင်၊ ပိုကောင်းသွားအောင် လုပ်နိုင်ခဲ့ပါတယ်။ လုပ်ငန်းပြီးစီးမှုအပေါ်မှာလည်း အားရပါတယ်။ ကျွန်တော်တို့ ရွာသာက မိုးဆိုရင် မြစ်ဆိပ်၊ နွေဆိုရင် ကားဂိတ်တွေနဲ့နီးတော့ ပွဲရုံတွေလည်းရှိပါတယ်။ လူအဝင်အထွက်၊ ကားအဝင်အထွက်များပြီး ကုန်ကားအတင်အချတွေလည်းရှိတဲ့နေရာပါ။ အခုဆို ဒီလမ်းရေကျော်လုပ်ပြီးတော့ ကားကြီးရော၊ သုံးဘီးတွေပါ အဆင်ပြေပြေနဲ့ ဥဒဟိုဝင်သွားလို့ရနေပါပြီ။ CSR လုပ်ငန်းတွေရှိနေတော့ ကျွန်တော်တို့ရွာတွေလည်း ဖွံ့ဖြိုးတိုးတက်လာတာမျက်မြင်မို့ ဒီလုပ်ငန်းတွေ အမြဲရှိစေချင်ပါတယ်။ ဒီနားတစ်ဝိုက်က ရွာတွေအားလုံး ဖွံ့ဖြိုးတိုးတက်လာဖို့ ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့လည်း တိုက်တွန်းချင်ပါတယ်။" ■



# လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်ထိတွေ့ဆက်ဆံခြင်း

## MPRL E&P ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုတာဝန်သိ လုပ်ငန်းဆိုင်ရာအသိပညာများ ဖလှယ်မျှဝေခြင်း



MPRL E&P သည် စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ဖိတ်ကြားမှုဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍနှင့် လူမှုတာဝန်သိ CSR လုပ်ငန်းဆိုင်ရာ အသိပညာများနှင့် လက်တွေ့ဆောင်ရွက်လျက်ရှိသည့် အလေ့အကျင့်ကောင်းများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတို့တွင် အသိပညာမျှဝေဖလှယ်ခဲ့ကြသည်။

အစီအစဉ်တွင် အစိုးရ၊ ပုဂ္ဂလိက အပြန်အလှန်သင်ယူမှု အလေ့အကျင့်ကောင်းများဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် လူ့စွမ်းအားအရင်းအမြစ် (Human Resources–HR)၊ လူမှုတာဝန်သိလုပ်ငန်းကဏ္ဍ (Corporate Social Respon-sibility–CSR) နှင့် စီမံချက်စီမံခန့်ခွဲရေး (Project Man-agement) လုပ်ငန်းများနှင့်စပ်လျဉ်း၍ MPRL E&P Group of Companies မှ HR နှင့် CSR လုပ်ဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနတွင် အသိပညာဖလှယ်မျှဝေခဲ့သည်။ အဆိုပါဆွေးနွေးပွဲအစီအစဉ်တွင် ပြည်ထောင်စု










ဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးဦးရင်မောင်ညွန့်နှင့်စက်မှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းစုစုပေါင်း (၁၅၆) ဦးတက်ရောက်ခဲ့ပြီး စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံများနှင့် စက်မှုသင်တန်းကျောင်းများမှ တာဝန်ရှိသူများကလည်း အွန်လိုင်းမှတဆင့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန၏ ဖိတ်ကြားမှုဖြင့် MPRL E&P Group of Companies မှ HR နှင့် CSR လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများ၊ Myint & Associates Telecommuni-cations Ltd. မှ တာဝန်ရှိသူများက လူ့စွမ်းအားအရင်းအမြစ် (Human Resources– HR)၊ လူမှုတာဝန်သိလုပ်ငန်းကဏ္ဍ (Corporate Social Responsibility–CSR) နှင့် ဒီဂျစ်တယ်နည်းပညာဖြင့် လုပ်ငန်းများကို စီမံခန့်ခွဲခြင်းခေါင်းစဉ်များနှင့်စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၊ ရတနာခန်း မတွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာခေါင်းစဉ်နှစ်ခုကို ဦးဆောင်









ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်တွင်း၊ ပြည်ပ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှသက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီးဦးသန့်စင်က နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရ၊ ပုဂ္ဂလိက စွမ်းအင်ကဏ္ဍမှ တာဝန်ရှိသူစုစုပေါင်း (၁၉၀) ဦးတက်ရောက်ခဲ့သည်။ ■

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မကွေး) (Enviromental Conservation Department (ECD) – Magway) ၏ တာဝန်ရှိသူများက မန်းရေနံမြေရှိ CSR လုပ်ငန်းစီမံကိန်းရှိရာနေရာများသို့ လာရောက်ကြည့်ရှုနိုင်ရန် လိုအပ်သည်များပံ့ပိုးခြင်း





MPRL E&P ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ခြောက်လတစ်ကြိမ် ပုံမှန်လာရောက်တိုင်းတာလျက်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မကွေး) (Enviromental Conservation Department (ECD)– Magway) ၏ တာဝန်ရှိသူများက မန်းရေနံမြေတွင် (CSR အစီအစဉ်) ဖြင့်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနေရာများသို့ လာရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ လေ့လာရေးအဖွဲ့အနေဖြင့် CSR အစီအစဉ်၏ ပံ့ပိုးမှုဖြင့် စိုက်ပျိုးထားရှိသည့် ခရမ်းချဉ်စိုက်ကွက်များနှင့် နေကြာစိုက်ကွက်သွားများသို့ သွားရောက်ကြည့်ရှုခဲ့ပြီး စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ CSR အစီအစဉ်အချို့ကို CSR လုပ်ငန်းအဖွဲ့ဝင်များက ရှင်းလင်းမျှဝေခဲ့သည်။ ■

# ခရမ်းချဉ်သီးနှံအတွက် ဒေသနှင့်ကိုက်ညီမည့် တန်ဖိုးနည်းဖန်လုံအိမ် ခရမ်းချဉ်စမ်းသပ်စိုက်ကွက် မန်းရေနံမြေတွင် MPRL E&P ၏ ပံ့ပိုးမှုဖြင့် စတင်

အပူချိန်ပြင်းထန်သည့် နွေကာလများအပါအဝင် တစ်နှစ်ပတ်လုံး ရေရရှိရေးကိုပံ့ပိုးပေးနိုင်မည့် ဖန်လုံအိမ် စိုက်ပျိုးနည်းစနစ်ကို မန်းရေနံမြေတွင် စတင်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ခရမ်းချဉ်သီးနှံအတွက် ဒေသနှင့်ကိုက်ညီမည့် တန်ဖိုးနည်းဖန်လုံအိမ် ခရမ်းချဉ်စမ်းသပ်စိုက်ကွက်တစ်ခုကို မန်းကျိုးကျေးရွာတွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ခဲ့သည်။



အဆိုပါ ရှေ့ပြေးစီမံချက်ကို မန်းရေနံမြေဒေသ၏ အပူချိန်မြင့်မားသည့် နွေကာလများတွင်ပါ ခရမ်းချဉ်သီးနှံကို စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရာဖွေနိုင်စေရန်၊ စိုက်ပျိုးရေးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအလေ့အကျင့်ကောင်းများ ပိုမိုဖြစ်ထွန်းတိုးတက်စေရန် ရည်ရွယ်ပံ့ပိုးခဲ့သည်။

ဖန်လုံအိမ်စမ်းသပ်စိုက်ကွက်ရှိ ခရမ်းချဉ်ပင်များကို နေရောင်ခြည်တိုက်ရိုက်ကျရောက်ခြင်း၊ နေလောင်ခြင်းနှင့် အရွက်များထိခိုက်ပျက်စီးခြင်းမှ ကာကွယ်နိုင်ရန် မန်းရေနံမြေဒေသနှင့်ကိုက်ညီမည့် ဒီဇိုင်းနှင့်ဒေသတွင်းရရှိနိုင်သည့် အရင်းအမြစ်များကိုအသုံးပြု၍ ပေါင်းမိုးတည်ဆောက်ခြင်း၊ ပေါင်းအုပ်မိုးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အဆိုပါစမ်းသပ်စိုက်ကွက်၏ စိုက်ပျိုးမှုအခြေအနေများ



နှင့် စိုက်ပျိုးရေးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအလေ့အကျင့်ကောင်းများကို ဒေသခံတောင်သူများအနေဖြင့် လက်တွေ့လေ့လာသိရှိနိုင်မည်ဖြစ်သည်။ စမ်းသပ်စိုက်ကွက်၏ တိုးတက်မှုအခြေအနေနှင့် ရှေ့ပြေးစီမံချက်ရလဒ်များကို ပုံမှန်လေ့လာစောင့်ကြည့်သွားမည်ဖြစ်ပြီး စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိနှင့် ဖန်လုံအိမ်အရွယ်အစားနှင့် လိုအပ်ချက်များကို ဖော်ထုတ်ညှိနှိုင်းပြင်ဆင်နိုင်ရန် တောင်သူများထံမှ သဘောထားမှတ်ချက်များလည်း စုစည်းကောက်ခံသွားမည်ဖြစ်သည်။ အဆိုပါ တန်ဖိုးနည်း ခရမ်းချဉ်ဖန်လုံအိမ် စမ်းသပ်စိုက်ကွက် ရှေ့ပြေးစီမံချက်ကို မန်းရေနံမြေဒေသခံများ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ပံ့ပိုးမှုအစီအစဉ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး MPRL E&P (CSR  အစီအစဉ်) ဖြင့် ကျပ် ၈၄၈,၈၅၀/ (ကျပ်ရှစ်သိန်းလေးသောင်းရှစ်ထောင်ရှစ်ရာ့ငါးဆယ်) အကုန်အကျခံ ပံ့ပိုးခဲ့သည်။ ■

# အသားတိုးကြက်မွေးမြူရေးဆိုင်ရာသုတေသနပြုလုပ်နိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) သို့ MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုး





စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊  စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသူကျောင်းသားများအနေဖြင့် အသားတိုးကြက်မွေးမြူရေးဆိုင်ရာသုတေသနပြုလုပ်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ပံ့ပိုးထောက်ပံ့ခဲ့သည်။

MPRL E&P သည် ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာသင်ဆုပံ့ပိုးရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) ၏ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဆိုင်ရာအရင်းအမြစ်များ ပိုမိုရရှိနိုင်ရန်၊ အသားတိုးကြက်မွေးမြူရေးဆိုင်ရာ လက်တွေ့လေ့လာသုတေသနပြုနိုင်မည့် အခွင့်အလမ်းများရရှိနိုင်ရန် ရည်ရွယ်၍ ပံ့ပိုးခဲ့ခြင်းဖြစ်သည်။ သုတေသနပြုရာတွင် မတူညီသောအစာ အမျိုးမျိုးကျွေး၍ အသားတိုးကြက်ကောင်ရေ (၅၀၀) ၏ ကြီးထွားမှုကို လေ့လာစောင့်ကြည့်ကာ အသင့်လျော်ဆုံးနည်းလမ်းများကို ရွေးချယ်ဖော်ထုတ်ခြင်းနှင့် ကုန်ကျစရိတ်နှင့်ဆီလျော်စွာ အကျိုးဖြစ်ထွန်းစေမည့် အချက်များကို လေ့လာသုံးသပ်နိုင်မည်ဖြစ်သည်။ အဆိုပါ အသားတိုးကြက်များကို မွေးမြူရေးစီမံချက်ကာလအတွင်း (၄၅) ရက်တာမွေးမြူခဲ့ပြီး သုတေသနဆိုင်ရာတွေ့ရှိချက်



များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) နှင့် MPRL E&P သို့ ကျောင်းသားကျောင်းသူများက အစီရင်ခံစာနှင့်အတူ ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါ အသားတိုးကြက်ကောင်ရေ (၅၀၀) မွေးမြူရေးလုပ်ငန်းအတွက် ကျပ် ၄,၆၄၁,၅၀၀/- (ကျပ်လေးဆယ့်ခြောက်သိန်းလေးသောင်းတစ်ထောင်ငါးရာတိတိ) ကို စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) သို့ MPRL E&P (CSR အစီအစဉ်) ဖြင့် ကနဦးပံ့ပိုးခဲ့သည်။ စီမံချက်လုပ်ငန်းပြီးစီးချိန်တွင် အသားတိုးကြက်ရောင်းချရာမှရရှိငွေ စုစုပေါင်း ကျပ် ၅,၉၈၇,၉၅၈/ (ကျပ်ငါးဆယ့်ကိုးသိန်းရှစ်သောင်းခုနစ်ထောင်ကိုးရာငါးဆယ့်ရှစ်) တွင် မွေးမြူရေးဆိုင်ရာသွင်းအားစုများအတွက် ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၄,၉၆၈,၉၀၀/ (ကျပ်လေးဆယ့်ကိုးသိန်းခြောက်သောင်းရှစ်ထောင့်ကိုးရာ) ရှိပြီး အသားတင်အမြတ်ငွေ ကျပ် ၁,၀၁၉,၀၅၈/ (ကျပ်တစ်ဆယ်သိန်းတစ်သောင်းကိုးထောင်ငါးဆယ့်ရှစ်) ရရှိခဲ့ကြောင်း လုပ်ငန်းစီမံချက်ပြီးစီးမှုအစီရင်ခံစာအရ သိရသည်။ ■



# အခြေခံအသက်ကယ်နည်းနှင့် ရှေးဦးသူနာပြုစုနည်းသင်တန်း မန်းရေနံမြေတွင် ပို့ချ

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေအတွင်းရှိ ဆရာ၊ ဆရာမများအတွက် အခြေခံ အသက်ကယ်နည်းနှင့် ရှေးဦးပြုစုနည်းသင်တန်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နှင့် (၁၇) ရက်တို့တွင် အောက်ကျောင်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းတွင် နှစ်ရက်တာ ဖွင့်လှစ်ခဲ့သည်။

"ဒီသင်တန်းကို မန်းရေနံမြေထိစပ်ကျေးရွာမှာရှိတဲ့ အခြေခံပညာကျောင်းတွေက ကျောင်းအုပ်ဆရာမကြီးတွေ၊ ဆရာမတွေနဲ့ ရွှေ့လျားဆေးပေးခန်းတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းတွေအနေနဲ့ အခြေခံအသက်ကယ်နည်းနဲ့ ရှေးဦးပြုစုနည်းတွေ တတ်မြောက်ပြီး လိုအပ်တဲ့အချိန်မှာ အသုံးချနိုင်ဖို့ ရည်ရွယ်ပံ့ပိုးခဲ့တာပါ။ MPRL E&P ရဲ့ ရေနံမြေတာဝန်ခံဆရာဝန် ဒေါက်တာကျော်ရဲထွဋ်ရဲ့ပံ့ပိုးကူညီမှုနဲ့ ကျွန်တော်တို့ CSR အစီအစဉ်ကနေ ဖွင့်လှစ်ပို့ချခဲ့တာဖြစ်ပါတယ်" ဟု CSR & Communications Department မှ Senior CSR Officer ဦးစောအယ်စာဘာလုထူးက ဆိုသည်။







အဆိုပါသင်တန်းကို အခြေခံအရေးပေါ်အသက်ကယ်ဆယ်နည်းနှင့် ရှေးဦးပြုစုနည်းလုပ်ငန်းစဉ်များကို သတိပြုသိရှိရန်နှင့် သတင်းအချက်အလက်များကို နားလည်ရန်၊ အရည်အသွေးရှိပြီး ထိရောက်သည့် အခြေခံအရေးပေါ် အသက်ကယ်ဆယ်နည်းနှင့် ရှေးဦးပြုစုနည်းများ လုပ်ဆောင်နိုင်ရန်၊ ရုတ်တရက်ထိခိုက်ဖျားနာနှင့် ဒဏ်ရာရလူနာများကို အချိန်မီ အခြေခံအရေးပေါ်ကယ်ဆယ်မှုပေးနိုင်ရန်၊ ရေရှည်တွင် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို လျှော့ချနိုင်ရန်နှင့် သက်သာပျောက်ကင်းစေရန် ရည်ရွယ်၍ ပို့ချခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် လူ့ကိုယ်ခန္ဓာဖွဲ့စည်းပုံနှင့်အကျိုးပြုစနစ်များ၊ နှလုံးနှင့်အဆုတ်လုပ်ဆောင်မှု ရုတ်တရက် ရပ်တန့်သည့်အခြေအနေတွင် ပြုလုပ်ရမည့် အခြေခံအရေးပေါ်အသက်ကယ်ဆယ်နည်းများ (Cardio Pulmonary Resuscitation–CPR) အပါအဝင် ရုတ်တရက် နှလုံးရပ်တန့်မှုအတွက် အရေးပေါ်အသက်ကယ်နည်း (၁၀) ခုကို သင်ကြားပို့ချခဲ့သည်။ "သင်တန်းမှာပို့ချခဲ့တာတွေက သွေးထွက်ဒဏ်ရာများ (Bleeding Wounds)၊ ပိုးထိခြင်း၊ အဆိပ်ရှိသတ္တဝါကိုက်ခံရခြင်း (Snake Bite and All Insect Bite)၊ အရိုးကျိုး၊ အဆစ်လွဲခြင်း (Fracture and Dislocation)၊ အရွတ်စုတ်ပြဲခြင်း (Sprain)၊ မီးလောင်ဒဏ်ရာရခြင်း (Burns and Scald)၊ ဦးခေါင်းနှင့်ကျောရိုးမ ထိခိုက်ဒဏ်ရာရခြင်း (Head and Spinal Injury)၊ ရင်ပွင့်ထွက်ဒဏ်ရာရခြင်း (Open Chest Wound) တို့အတွက် ရှေးဦးပြုစုနည်းနဲ့ ကြိုတင်ကာကွယ်ရေးနည်းလမ်းကောင်းတွေအပြင် လေပြွန်ပိတ်ခြင်း (Chocking)၊ အပူရုပ်ခြင်း (Heat Stoke)၊ ရုတ်တရက် နာမကျန်းဖြစ်ခြင်း (Shock)၊ အတက်ရောဂါအမျိုးမျိုး (Epileptic Attack and Seizure) တို့အတွက် ဆောင်ရန်၊ ရှောင်ရန်တွေကိုပါ ပို့ချခဲ့ပါတယ်။ လူနာသယ်ယူပို့ဆောင်နည်း (Stretcher and Transporting Patient) နှင့် ပတ်တီးစည်းနည်း (Bandaging) တွေကိုလည်း ထည့်သွင်းပို့ချခဲ့တယ်" ဟု ဒေါက်တာကျော်ရဲထွဋ်က ပို့ချခဲ့သည့်ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းပြသည်။



အဆိုပါ သင်တန်းကို မန်းရေနံမြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာမများ၊ ရွှေ့လျားဆေးပေးခန်းတွင် ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဒေသခံများ၊ စိတ်ပါဝင်စားသည့် ဒေသခံများနှင့် စေတနာ့ဝန်ထမ်းများအပါအဝင် စုစုပေါင်း (၁၈) ဦး တက်ရောက်ခဲ့ပြီး သင်တန်းမှူးဖြစ်သူ ရေနံမြေတာဝန်ခံဆရာဝန်က သက်ဆိုင်ရာခေါင်းစဉ်အလိုက် လက်တွေ့သရုပ်ပြပို့ချခဲ့သည်။

စာမျက်နှာ - ၁၃ ➤

# MPRL E&P ကုမ္ပဏီတွင် ရေနံမြေတာဝန်ခံဆရာဝန်အဖြစ် စတင်လုပ်ကိုင်လျက်ရှိသည့် ဒေသခံဆရာဝန် ဒေါက်တာဇေယျာပိုင်သူ



မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် ဝန်ထမ်းများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများနှင့် လူမှုတာဝန်သိ CSR လုပ်ငန်းများကို ဟန်ချက်ညီစွာ ကြိုးပမ်းအားထုတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ရေနံမြေတာဝန်ခံဆရာဝန်များအနေဖြင့် ရေနံမြေတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးလုပ်ငန်းများကိုသာမက ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဖော်ဆောင်လျက်ရှိသည့် ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင်လည်း တစ်ဖက်တစ်လမ်းမှ ပိုင်းဝန်းပံ့ပိုးလျက်ရှိသည်။ သို့ဖြစ်၍ ကုမ္ပဏီ၏ CSR အစီအစဉ်တွင် မန်းရေနံမြေဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပံ့ပိုးလျက်ရှိသည့် ရေနံမြေတာဝန်ခံဆရာဝန်တစ်ဦးဖြစ်သည့် ဒေါက်တာဇေယျာပိုင်သူနှင့် တိုမန်းမြေသတင်းအယ်ဒီတာအဖွဲ့တို့ တွေ့ဆုံမေးမြန်းမှုများကို သတင်းဆောင်းပါးအဖြစ် ဖော်ပြအပ်ပါသည်။

MPRL E&P ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန (Health, Safety & Environment Department) တွင် ရေနံမြေတာဝန်ခံဆရာဝန်တစ်ဦးဖြစ်သူ အသက် (၃၀) အရွယ် လူငယ်တစ်ဦးလည်းဖြစ်သည့် ဒေါက်တာဇေယျာပိုင်သူသည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ် (မကွေး) မှ ဆေးသိပ္ပံဘွဲ့ (M.B.B.S) ရရှိခဲ့သည့် မကွေးမြို့ဇာတိဒေသခံတစ်ဦးဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဆေးသိပ္ပံဘွဲ့ရရှိပြီးချိန်တွင် မကွေးမြို့ရှိ ပသာဒဆေးရုံတွင် ဆရာဝန်တစ်ဦးအဖြစ် (၆) လခန့်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင်အစိုးရမဟုတ်သောအဖွဲ့အစည်း (Non-governmental Organization - NGO) တစ်ခုဖြစ်သည့် Medical Action Myanmar (MAM) တွင် ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်အတွက် အဖွဲ့ခေါင်းဆောင် ဆရာဝန်တစ်ဦးအနေဖြင့် ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် တစ်နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။

"ကျွန်တော် ပူတာအိုမှာ တာဝန်ထမ်းဆောင်တုန်းက ဆိုင်ကယ်လမ်းမပေါက်တဲ့နေရာတွေဆို (၁၀) ရက် (၁၅) ရက်လောက်ခြေကျင်လျှောက်မှရောက်တဲ့ တရုတ်မြန်မာနယ်စပ်ကျေးရွာတွေမှာ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (Mobile Medical Team) အနေနဲ့ ငှက်ဖျားရောဂါရှိ၊ မရှိ စစ်ဆေးပေးတာနဲ့ ကုသပေးတာတွေ လုပ်ရပါတယ်။ ဒေသခံတွေမှာ ငှက်ဖျားမရှိရင်၊ တခြားတွေ့ရတဲ့ ဖျားနာရောဂါနဲ့ အဖြစ်များတဲ့ဝမ်းရောဂါ စတာတွေလည်း ကုသပေးရတာမျိုးပါ" ဟု ပူတာအိုတွင် တာဝန်ထမ်းဆောင်ရမှု အခြေအနေကို ၎င်းကရှင်းပြသည်။

ဒေါက်တာဇေယျာပိုင်သူသည် လုပ်ငန်းခွင်နားသည့်ကာလများတွင် ဇာတိမကွေးမြို့ရှိ လုပ်ဖော်ကိုင်ဖက် ဆရာဝန်များရှိသည့် ပသာဒဆေးရုံတွင် ဆရာဝန်အဖြစ်ပြန်လည်လုပ်ကိုင်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခဲ့သည့် ၂၀၂၀ တွင် မကွေးမြို့တွင်ရှိခဲ့ပြီး အတန်းဖော်ဆရာဝန်တစ်ဦး၏ ချိတ်ဆက်ကူညီမှုဖြင့် MPRL E&P (CSR အစီအစဉ်) ဖြင့် ဖွင့်လှစ်လျက်ရှိသည့် မန်းရေနံမြေ၏ ရွေ့လျားဆေးပေးခန်းများတွင် ပြင်ပဆရာဝန်တစ်ဦးအဖြစ် (၅) လတာမျှ စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့သည်။ ရွေ့လျားဆေးပေးခန်းများတွင် တာဝန်ထမ်းဆောင်မှု အတွေ့အကြုံရှိသည့် ဒေါက်တာဇေယျာပိုင်သူသည် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိ ဒေသခံများအတွက် ကုမ္ပဏီအနေဖြင့် ပံ့ပိုးလျက်ရှိသည့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ယုံကြည်အားထားခဲ့ပြီး ဒေသအကျိုးဖြစ်ထွန်းမှုကြောင့် ကျေနပ်စွာတာဝန်ထမ်းဆောင်ခဲ့ကြောင်း ၎င်းကဆိုသည်။

"ကိုဗစ်-၁၉ ဖြစ်ပွားကာလမှာ ကုမ္ပဏီကခန့်ထားတဲ့ ရေနံမြေဆရာဝန်တွေအနေနဲ့ ရေနံမြေဝန်ထမ်းတွေလည်းဖြစ်နေတော့ ကုမ္ပဏီပြင်ပမှာ အများနဲ့ထိတွေ့ပြီး ကုသပေးဖို့ အခက်အခဲရှိပါတယ်။ အဲဒီကာလမှာ မန်းရေနံမြေက ဒေသခံတွေအနေနဲ့လည်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်ချက်လေးတွေရှိနေတော့ ဒေသခံဆရာဝန်ဖြစ်တဲ့ကျွန်တော့်ကို ရွေ့လျားဆေးပေးခန်းမှာ ဆေးခန်းထိုင်ပြီး လူနာကြည့်ပေးဖို့ ကုမ္ပဏီရဲ့ CSR & Communications Department ကနေ ရွေ့လျားဆေးပေးခန်းဆရာဝန်အဖြစ်နဲ့ စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ အချိန် (၅) လလောက် ကုမ္ပဏီနဲ့လက်တွဲလုပ်ကိုင်ဖူးတော့ ကျွန်တော်တို့ဒေသက ဒေသခံတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးပေးနေတဲ့ အခြေအနေတွေကို ကျွန်တော် ကောင်းကောင်းသိခွင့်ရခဲ့ပါတယ်။ ဒါကြောင့်လည်း အခုအချိန်မှာ ကုမ္ပဏီဝန်ထမ်းတစ်ဦးအနေနဲ့ ကျွန်တော် လေးလေးစားစားနဲ့ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ခဲ့တာပါ။"

ဒေါက်တာဇေယျာပိုင်သူသည် MPRL E&P တွင် ဝန်ထမ်း



တစ်ဦးအဖြစ် လျှောက်ထားခြင်းမပြုမီ Servier (S) Pte Ltd. (Myanmar Branch) တွင် ပြည်မြို့အတွက် ဆေးဝါးထုတ်ကုန်ဆိုင်ရာကျွမ်းကျင်သူ (Medical Product Specialist) တစ်ဦးအဖြစ်လည်းကောင်း၊ ပျော်ဘွယ်မြို့ရှိ ရတနာမိုးဆေးခန်းတွင် အထွေထွေရောဂါကုဆရာဝန်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

"အတွေ့အကြုံအနေနဲ့တော့ ပျော်ဘွယ်မှာ ဆေးခန်းထိုင်တော့ နယ်ဘက်ဖြစ်တဲ့အတွက် အထူးကုဆရာဝန်တွေ တော်ရုံမလာနိုင်ဘူး။ ကျွန်တော်တို့လို ဆရာဝန်ငယ်တွေပဲ အရေးပေါ်လူနာနဲ့ကုသမှုတွေမှာ ကိုယ်တိုင်လုပ်ကိုင်ရပါတယ်။ နှလုံးရောဂါဝေဒနာရှင်တွေ၊ သွေးတိုးလို့ လေဖြတ်နိုင်တဲ့လူနာတွေ ၊ ရင်ကျပ်ပြီး သွေးတွင်းအောက်ဆီဂျင် (SpO2) ကျနေတဲ့လူနာတွေနဲ့ ထိခိုက်ဒဏ်ရာရပြီး အရိုးကျိုးလူနာတွေကို အရေးပေါ်ကုသမှုပေးရတာတွေ လုပ်ခဲ့ရပါတယ်" ဟု ဒေါက်တာဇေယျာပိုင်သူက ဆိုသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် MPRL E&P ၏ HSE Department တွင် ရေနံမြေ တာဝန်ခံဆရာဝန်အဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည့် ဒေါက်တာဇေယျာပိုင်သူသည် ၎င်း၏ မူလတာဝန်ဝတ္တရားများ အပြင် ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် မန်းရေနံမြေရှိ စုရပ် (၆) ခုတွင် တစ်ပတ်လျှင် (၅) ကြိမ် ဖွင့်လှစ်ထားရှိသည့် ရွေ့လျားဆေးပေးခန်းများတွင်ပါ တာဝန်ခံဆရာဝန်တစ်ဦးအဖြစ် ကူညီလုပ်ကိုင်ပံ့ပိုးလျက်ရှိသည်။

"ကျွန်တော်က တနင်္လာကနေ သောကြာနေ့အထိ မနက် (၉) နာရီကနေ (၁၂) နာရီလောက်အထိ မန်းရေနံမြေထိစပ်ကျေးရွာတွေထဲက အလှည့်ကျဖွင့်တဲ့ ဆေးခန်းတွေမှာ ဆရာဝန်တစ်ဦးအနေနဲ့ ဆေးခန်းထိုင်ပါတယ်။ လက်ရှိမှာ ဒေသခံအများစုက ဆီးချို၊ သွေးတိုးလို နာတာရှည်ဝေဒနာရှင်တွေရှိနေပြီး သူတို့အတွက် ဆေးဝါးကလည်း CSR အစီအစဉ်ကနေ အမြဲမပြတ်ပံ့ပိုးနေရတာ ရှိပါတယ်" ဟု ရွေ့လျားဆေးပေးခန်းများတွင် တွေ့ရှိရသည့် လူနာနှင့်ရောဂါ အခြေအနေများကို ရှင်းပြသည်။

စာမျက်နှာ - ၁၂ ➤

# MPRL E&P ၏ သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် စာစောင်များပုံမှန်ထုတ်ဝေ၊ မန်းရေနံမြေဆိုင်ရာအစီရင်ခံစာများဖြင့် ပြန်ကြားဆက်သွယ်လျက်ရှိ

MPRL E&P ၏ လုပ်ငန်းလည်ပတ်မှုနှင့် ရေရှည်တည်တံ့မှုစွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိရန် ကတိပြုထားသည့်အလျောက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လူမှုရေးအရ သဘောတူကြည်ဖြူမှုကို ထိန်းသိမ်းဆောင်ရွက်ရန်၊ သာတူညီမျှရှိမှုနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ပံ့ပိုးကူညီမှုများသည် အရေးကြီးကြောင်းကိုလည်း အသိအမှတ်ပြုလက်ခံဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ နှစ်စဉ် United Nations Global Compact (UNGC) သို့ တင်ပြလျက်ရှိသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအစီရင်ခံစာကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ရေးသားပြုစုရာတွင် Global Reporting Initiative (GRI) Universal Standards 2021၊ GRI 11: Oil and Gas Sector Standards 2021၊ ISO 26000 နှင့် Voluntary Principles on Security and Human Rights (VPSHR) တို့ပါဝင်သည့် နိုင်ငံတကာလမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် MPRL E&P ၏ ရေရှည်တည်တံ့မှုဆိုင်ရာစွမ်းဆောင်ရည်ကို ကျယ်ပြန့်စွာခြုံငုံသုံးသပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအစီရင်ခံစာကို ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးသို့ ပေးပို့တင်ပြသွားမည်ဖြစ်သည်။

MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်လျက်ရှိသည့် သတ်မှတ်ဘဏ္ဍာရေးနှစ်နှင့်သုံးလပတ်ကာလအလိုက် လုပ်ငန်းဆောင်ရွက်ချက်များသီးသန့် စုစည်းဖော်ပြထားသည့် "တို့မန်းမြေ" သတင်းလွှာ၊ အမှတ် (၁၂) ကို ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ထုတ်ဝေခဲ့သည်။




*Insight! သတင်းလွှာ အမှတ် (၃၈) နှင့် တို့မန်းမြေ သတင်းလွှာ အမှတ် (၁၂) ထုတ်ဝေဖြန့်ချိခြင်း*

ထို့အပြင် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း အင်္ဂလိပ်ဘာသာဖြင့်ရေးသားတင်ဆက်သည့် Insight! သတင်းလွှာ အမှတ် (၃၈) ကို ထုတ်ဝေခဲ့သည်။ သတင်းလွှာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အတွင်း MPRL E&P ကုမ္ပဏီများအုပ်စုတွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုဆိုင်ရာ နည်းပညာဆောင်းပါးများ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းဆောင်းပါးများ၊ လူမှုတာဝန်သိလုပ်ငန်းဆောင်ရွက်ချက်များ၊ ရွက်လှေအားကစားဆိုင်ရာသတင်းဓာတ်ပုံများ၊ အခြားစိတ်ဝင်စားဖွယ်သတင်းဆောင်းပါး၊ အင်တာဗျူးနှင့် သတင်းဓာတ်ပုံများ ဖော်ပြပါရှိသည်။

MPRL E&P ၏ မန်းရေနံမြေတွင်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ လစဉ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်နှင့် နှစ်ပတ်လည်အစီရင်ခံစာများဖြင့် သက်ဆိုင်ရာလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများထံသို့ ပေးပို့အစီရင်ခံလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယခြောက်လပတ်အစီရင်ခံစာကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရှိ တာဝန်ရှိသူများထံသို့လည်းကောင်း၊ စတုတ္ထသုံးလပတ်အတွင်း CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာအစီရင်ခံစာကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံပေးပို့ခဲ့သည်။

ထို့အပြင် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားဖော်ပြသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ တတိယသုံးလပတ်အစီရင်ခံစာတို့ကို MPRL E&P ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာ https://mprlexp.com/ တွင် အခြားထုတ်ဝေပြီးသတင်းလွှာများနှင့်အတူတင်ပြ အစီရင်ခံခဲ့ပြီးဖြစ်သည်။

MPRL E&P ၏ CSR လုပ်ငန်းအစီအစဉ်များကို ဒေသခံများ ပိုမိုသိရှိနားလည်စေရန် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းသုံး စာစောင်များ၊ ကြေညာချက်များ၊ အသိပေးစာများကို အချိန်နှင့်တပြေးညီတင်ပြအစီရင်ခံရာတွင် သက်ဆိုင်ရာကျေးရွာအလိုက်ထားရှိသည့် ကြော်ငြာသင်ပုန်းများ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သုံး အကြံပြုစာပုံးများနှင့် တို့မန်းမြေအိမ်ငယ်များကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပြုပြင်ထိန်းသိမ်းခဲ့သည်။ ■

စာမျက်နှာ - ၁၁ မှ အဆက် ➤

“အခုဆို ဆီးချိုနဲ့သွေးတိုးဝေဒနာရှင်တွေအတွက် ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ပံ့ပိုးနေတာ တစ်လစာဆေးဝါးဆိုရင် တစ်ယောက်ကို လေး၊ ငါးသောင်းဖိုးလောက်အထိ ပံ့ပိုးနေတာပါ။ ဒီဆေးတွေနဲ့ပတ်သက်ပြီး ကျွန်တော်နည်းနည်းရှင်းပြချင်ပါတယ်။ ဆီးချို၊ သွေးတိုးရောဂါက သက်သာပျောက်ကင်းဖို့ခက်ခဲပြီး ဆေးဝါး၊ အစားအသောက်နဲ့နေထိုင်မှုပုံစံတွေနဲ့ပဲ အမြဲကထိန်းရတဲ့ဝေဒနာမျိုးပါ။ သွေးတိုးရှိတယ်ဆိုရင် ငံပိ၊ ငါးခြောက်၊ ငံပြာရည်ချက်၊ တညင်းသီး၊ ဆူးပုတ်နဲ့ ဝက်သား စတာတွေကို သေချာရှောင်ရမှာပါ။ အဆီလျှော့စားရမယ်၊ ရောဂါအခြေအနေအလိုက် မနက် (၁) လုံး၊ ည (၁) လုံးသောက်ဖို့ပေးထားတဲ့ သွေးတိုးကျဆေးတွေဆိုရင်လည်း သွေးတိုးတိုး၊ မတိုးတိုး ပုံမှန်စွဲပြီးသောက်ဖို့လိုပါတယ်။ လူနာတွေအနေနဲ့ မူးမိုက်တာ၊ လေးလံတာ၊ ဇက်ကြောတက်ပြီး သွေးတိုးသလိုဖြစ်လာပြီဆိုမှ ဆေး (၂) လုံး တစ်ခါတည်း သောက်တာတို့၊ မနက်၊ ညတိုးသောက်တာတို့လိုလုပ်မယ်ဆိုရင် ရောဂါကိုထိန်းချုပ်ဖို့ ခက်သွားပါလိမ့်မယ်”

ဆီးချို၊ သွေးတိုးရောဂါသည် သတ်မှတ်ဆေးပမာဏအတိုင်း အချိန်တိကျစွာဆေးသောက်ခြင်း၊ အစားရှောင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားခန်းပြုလုပ်ခြင်း စသည်ဖြင့် ဆရာဝန်များ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်နိုင်မှသာ ရောဂါပြင်းထန်မှုကိုထိန်းချုပ်နိုင်သည့် နာတာရှည်ရောဂါများဖြစ်သည်။ ထို့အပြင် အဆိုပါ ဝေဒနာရှင်များအနေဖြင့် အချိုများသည့် မြန်မာမုန့်များ၊ အချိုမှုန့်ပါဝင်သည့်အစားအသောက်များနှင့် အငံစားသုံးခြင်းတို့ကို အထူးဂရုပြုရှောင်ရှားရန် လိုအပ်သည်။

“ကျွန်တော်တို့ဒေသမှာ လက်လုပ်လက်စား လုပ်ကိုင်စားသောက်ရတဲ့တချို့က အသိပညာနဲ့ဗဟုသုတအားနည်းတာ၊ လိုက်နာဆောင်ရွက်မှုအားနည်းတာတွေတော့ တွေ့နေရပါတယ်။ တချို့ ရောဂါပြင်းထန်သူတွေအတွက်ဆိုလည်း သက်ဆိုင်ရာအထူးကုတွေနဲ့ ဆက်ပြီးပြသနိုင်ဖို့ လွှဲပေးရတာတွေရှိပါတယ်” ဟု အဖြစ်များသည့် ဆီးချို၊ သွေးတိုးဝေဒနာရှင်များနှင့်စပ်လျဉ်း၍ ၎င်းကရှင်းပြသည်။

မန်းရေနံမြေတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေနံမြေတာဝန်ခံဆရာဝန် ဒေါက်တာဇေယျာပိုင်သူသည် လက်ရှိအချိန်တွင် ၎င်း၏ မူလတာဝန်များဖြစ်သည့် ရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အခြားရေနံမြေတာဝန်ခံဆရာဝန်တစ်ဦးနှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူနှင့် ပံ့ပိုးရသည့်ဆေးဝါးများအတွက် နေ့စဉ်နှင့်အပတ်စဉ်အစီရင်ခံစာများ ရေးသားပေးပို့ခြင်း၊ ရေနံမြေအခြေစိုက်စခန်းတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ၏ တစ်ကိုယ်ရေကျန်းမာရေးလှုပ်ရှားမှုများကို အပတ်စဉ်အစီရင်ခံစာ (Weekly Aerobic Report) ပေးပို့ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အလားတူတစ်ပတ်လျှင် (၅) ကြိမ် သတ်မှတ်နေရာများတွင် ဖွင့်လှစ်လျက်ရှိသည့် ကုမ္ပဏီ၏ ရွေ့လျားဆေးပေးခန်း အစီအစဉ်တွင်လည်း တာဝန်ခံဆရာဝန်တစ်ဦးအဖြစ် ဒေသခံများ၏ကျန်းမာရေးစောင့်ရှောက်မှုကို ပံ့ပိုးလျက်ရှိသည်။

“ကျွန်တော်ကိုယ်တိုင်က ဒေသခံတစ်ဦးဖြစ်ပြီး ကျွန်တော်တို့ဒေသမှာ လုပ်ငန်းလုပ်ကိုင်နေတဲ့ကုမ္ပဏီမှာ ဒေသခံဝန်ထမ်း (Local Recruitment) အဖြစ်နဲ့ အခုလိုတာဝန်ထမ်းဆောင်ခွင့်ရတာ အများကြီးဝမ်းသာကျေနပ်ရပါတယ်။ ဒီထက်ပိုတာကတော့ ကျွန်တော့်အသက်မွေးဝမ်းကျောင်းအလုပ်ကနေ ကျွန်တော့်ဇာတိနယ်က ဒေသခံတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကုမ္ပဏီရဲ့ CSR အစီအစဉ်နဲ့အတူ ပူးပေါင်းပါဝင် ပံ့ပိုးခွင့်ရတာကို ဝမ်းသာဂုဏ်ယူရပါတယ်” ဟု ဒေါက်တာဇေယျာပိုင်သူက မှတ်ချက်ပြုသည်။ ■

စာမျက်နှာ - ၁၀ မှ အဆက် ➤

သင်တန်းတက်ရောက်ခဲ့သည့် မန်းကျိုးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်ခင်စန်းအေးက "ဒီသင်တန်းက တကယ့်လက်တွေ့အခြေအနေမှာ တိုက်ရိုက်အသုံးချနိုင်တဲ့နည်းလမ်းတွေကို သင်ကြားပေးတဲ့ သင်တန်းဖြစ်လို့ ကျွန်မတို့ ပညာရေးအသိုင်းအဝိုင်းအတွက်လည်း အရေးပါတဲ့သင်တန်းပါ။ ကျွန်မတို့နယ်ဘက်မှာ အလွယ်တကူမရနိုင်တဲ့ သင်ကြားရေးပရိုဂျက်တာနဲ့ တခြားသင်ထောက်ကူပစ္စည်းတွေနဲ့



ပို့ချပေးတော့ ပိုပြီးတော့ နည်းစနစ်တွေကို မြင်လွယ်နားလည်လွယ်ပါတယ်။ နောက်ထပ်လည်း ကျွန်မတို့ကျောင်းတွေက ကျောင်းသား၊ ကျောင်းသူတွေကိုပါ ဒီလိုသင်တန်းမျိုးတွေ ရစေချင်တယ်။ MPRL E&P ရဲ့ CSR Program အနေနဲ့ စွမ်းရည်မြှင့်အစီအစဉ်ထဲမှာ ကျွန်မတို့ပညာရေးနယ်ပယ်က ဆရာမတွေပါ ပါဝင်ခွင့်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်"ဟု ၎င်း၏သဘောထားကို ရှင်းပြသည်။

MPRL E&P သည် ၂၀၂၀ခုနှစ်၊ မတ်လတွင်လည်း အလားတူ ရှေးဦးပြုစုနည်းသင်တန်းကို ဒေသခံလူငယ်များအတွက် ဖွင့်လှစ်ပို့ချခဲ့ပြီး အဆိုပါသင်တန်းသားများအနေဖြင့် မြို့နယ်အဆင့် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များပံ့ပိုးခဲ့သည်။ ထို့အပြင် မန်းရေနံမြေဒေသခံလူငယ် ရှေးဦးပြုစုနည်းသင်တန်းသားများအနေဖြင့် ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဒေသတွင်းပြုလုပ်သည့် လူမှုရေးဆိုင်ရာအခမ်းအနားများတွင် လိုအပ်ချက်အလိုက်ကူညီပံ့ပိုးနိုင်ရန် MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ ■





စာမျက်နှာ - ၂ မှ အဆက် ➤

စိုက်လာကြတယ်။ မှိုက စနစ်တကျ ဂရုတစိုက်နဲ့ စိုက်ရတာမျိုးပါ။ ဒါပေမယ့် ကောက်ရိုးနဲ့ နွားချေးလို စိုက်ပျိုးရေးထွက် စွန့်ပစ်ပစ္စည်းတွေကို ပြန်အသုံးပြုရင်း အရင်းအနှီးနည်းနည်းနဲ့ စိုက်ပျိုးနိုင်တာကြောင့် မှိုစိုက်ပျိုးရေးကို ပိုပြီးလုပ်ကိုင်စေချင်ပါတယ်။" ဟု ဦးနေဇော်က ဆိုသည်။

လက်ရှိအချိန်တွင် ဦးနေဇော်သည် ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုတို့အတွက် မှိုမျိုးအိတ်ထုတ်လုပ်မှုနှင့်အတူ ငွေနှင်းမှိုစိုက်ပျိုးရေးကိုပါ တွဲဖက်လုပ်ကိုင်လျက်ရှိပြီး မှိုမျိုးအိတ်များကို တစ်ထုတ်လျှင် ကျပ် ၈၀၀/ ဖြင့် လစဉ် အထုပ် (၃၀၀) ခန့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ထို့အပြင် မိုးတွင်းကာလတွင် မှိုထွက်ရှိမှုများပြီး မှိုရှားပါးသည့် နွေကာလများတွင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက ဈေးကောင်းရသည့်အတွက် မှိုစိုက်တောင်သူများအချင်းချင်း ချိန်ဆညှိနှိုင်းစိုက်ပျိုးသင့်ကြောင်း၊ မှိုထုတ်လုပ်ရောင်းချနေသူ





များကို ဈေးပေးသည့်ကုန်သည်များနှင့်ပါ ၎င်းအနေဖြင့် ချိတ်ဆက်ပေးလျက်ရှိကြောင်း ရှင်းပြသည်။

MPRL E&P ၏ မန်းရေနံမြေဆိုင်ရာ စိုက်ပျိုးရေးတာဝန်ခံ ဦးဝင်းကိုက "ကျွန်တော်တို့ဒေသက မှိုစိုက်တောင်သူတွေ





က အရင်က မှိုမျိုးအိတ်တွေကို မြဝတီလို နယ်ဝေးကနေ မှာရတော့ သယ်ယူပို့ဆောင်ရတဲ့အခါ အကိုင်အတွယ်များတာ၊ ထိမိခိုက်မိတာတွေရှိတယ်။ ဒါဆိုရင် စိုက်တဲ့အခါ မှိုအထွက်နည်းသွားတာမျိုး ဖြစ်တတ်ပါတယ်။ အခုဆိုရင် ကိုယ့်ရပ်ကိုယ်ရွာ ဒေသထဲမှာပဲ အလွယ်တကူနဲ့ မျိုးအိတ်ရနေတော့ အထိအခိုက်နည်းပြီး မှိုထွက်လည်းကောင်းလာတယ်။ ဒီလထဲဆိုရင် ကောက်ရိုးမှိုက တစ်ပိဿာကို ၇,၀၀၀/ လောက် ဈေးရတယ်" ဟု ဒေသတွင်း မှိုမျိုးအိတ်ထုတ်လုပ်လာနိုင်သည့် အကျိုးကျေးဇူးကို ရှင်းပြသည်။

မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာရှိ ဒေသခံများအနေဖြင့် တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မန်းကျိုးကျေးရွာတွင် မှိုစိုက်တောင်သူ (၅၀) ဦးခန့်ရှိကာ အခြားကျေးရွာများနှင့်နှိုင်းယှဉ်ပါက စိုက်ပျိုးမှုအများဆုံးလည်းဖြစ်ကြောင်း သိရသည်။ MPRL E&P (CSR အစီအစဉ်) သည် မန်းရေနံမြေတွင် မှိုစိုက်ပျိုးထုတ်လုပ်မှုကို ဆက်လက် ပံ့ပိုးလျက်ရှိပြီး ဒေသခံများ၏ စိတ်ပါဝင်စားမှုနှင့် တိုးတက်စိုက်ပျိုးထုတ်လုပ်မှုများကိုလည်း စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာလျက်ရှိသည်။ ■



# လူမှုအသိုင်းအဝိုင်းနှင့်ရပ်ရွာဖွံ့ဖြိုးရေးသင်တန်း MPRL E&P ပံ့ပိုး





မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရှိ လူထုအခြေပြုစီမံကိန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းအစီအစဉ်များကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့်ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ရပ်ရွာအခြေပြုဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းတစ်ရပ်အနေဖြင့် "လူမှုအသိုင်းအဝိုင်းနှင့်ရပ်ရွာဖွံ့ဖြိုးရေးသင်တန်း" (Social and Community Development Training) ကို ဖွံ့ဖြိုးရေးအတိုင်ပင်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သည့် "ပံ့ပိုးကူညီခြင်းအနုပညာ" (The Art of Facilitation) ၏ ပံ့ပိုးမှုဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့မှ (၄) ရက်နေ့အထိ မင်းဘူးမြို့ရှိ မင်းမင်းဟိုတယ်တွင် ဖွင့်လှစ်ပို့ချခဲ့သည်။





အဆိုပါ သုံးရက်တာ သင်တန်းကို မန်းရေနံမြေတွင် လူထုအခြေပြုစီမံကိန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ထိရောက်စွာဦးဆောင်နိုင်မည့် ကျွမ်းကျင်မှုများရရှိစေရန်ရည်ရွယ်၍ ပံ့ပိုးခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် The Art of Facilitation မှ သင်တန်းနည်းပြ ဒေါ်ရွှေရွှေမြင့်၊ ဒေါ်ထက်ဝေလှိုင်က





အဆိုပါသင်တန်းသည် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များနှင့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို အသေးစိတ်နားလည်နိုင်ရန်ဖြစ်ပြီး ပူးပေါင်းပါဝင်မှုနည်းလမ်းများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းပျိုးထောင်ခြင်းလည်းဖြစ်သည်။

ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်ဖြစ်သူ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာညှိနှိုင်းရေးမှူး ဒေါ်ဇင်မာမြင့်က "ဒီသင်တန်းက ဖွံ့ဖြိုးရေးနဲ့ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အဓိကဦးတည်တဲ့အတွက် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တွေက တော်တော်လေးသဘောကျပါတယ်။ သင်တန်းမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (၁၇) ခုကို တစ်ပိုင်းစီပို့ချပေးပြီး သင်ခန်းစာတွေကို လက်တွေ့လုပ်ကိုင်တဲ့အပိုင်းနဲ့ချိတ်ဆက်ပြီး လေ့ကျင့်ခန်းလုပ်တာ၊ ဂိမ်းကစားတာတွေပါတာမို့ သင်တန်းသားအားလုံး တက်တက်ကြွကြွနဲ့ ပါဝင်တက်ရောက်ခဲ့ပါတယ်" ဟုဆိုသည်။

သင်တန်းတွင် အတွေ့အကြုံသင်ယူခြင်းသံသရာ၊ ဖြစ်ရပ်



စာတွေ့လက်တွေ့လေ့ကျင့်ခန်းများ၊ ဂိမ်းအစီအစဉ်များ ဖြင့်ပို့ချခဲ့သည်။

"ဒီနေ့သင်တန်းက စွမ်းဆောင်မှုနဲ့တိုးတက်မှုခရီးစဉ်ကို စတင်တဲ့ ထင်ရှားတဲ့မှတ်တိုင်တစ်ခုပါ။ လူမှုရေးနဲ့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိုအဓိကထားတဲ့ MPRL E&P ကုမ္ပဏီရဲ့ (CSR အစီအစဉ်)ရဲ့ အရေးပါတဲ့ ကဏ္ဍတစ်ရပ်အနေနဲ့ ဒီသင်တန်းကို ပံ့ပိုးပို့ချခွင့်ရတာလည်း ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဒီသင်တန်းကနေ သက်ဆိုင်ရာဒေသခံအစုအဖွဲ့တွေအနေနဲ့ ကျွမ်းကျင်မှု၊ အသိပညာနဲ့ ထိုးထွင်းသိမြင်မှုတွေကို ပုံဖော်ပျိုးထောင်ပြီး အကျိုးရလဒ်ကောင်းတွေကို ရရှိစေမှာ ဖြစ်ပါတယ်" ဟု သင်တန်းပို့ချခဲ့သည့် The Art of Facilitation ၏ လူမှုမီဒီယာစာမျက်နှာတွင် ဖော်ပြခဲ့သည်။

မှန်များလေ့လာခြင်း၊ စဉ်းစားအဖြေရှာရသည့်ဂိမ်းများ၊ အုပ်စုငယ်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများနှင့် အမြင်သစ်ဖြင့်ရှုမြင်နိုင်မည့် အကြောင်းအရာများအပါအဝင် သင်တန်းသားအချင်းချင်း အပြန်အလှန်မေးမြန်းဆက်သွယ်ပါဝင်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဂိမ်းအစီအစဉ်များဖြင့် ပို့ချခဲ့သည်။

သင်တန်းတက်ရောက်ခဲ့သည့် လေးအိမ်တန်းကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော် က "သင်တန်းမှာက ကျွန်တော်တို့ ကျေးရွာလူထုနဲ့ လက်တွေ့လုပ်နေရတဲ့ ထိတွေ့ဆက်ဆံရေးအပိုင်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ပတ်သက်တာတွေ ပို့ချခဲ့ပါတယ်။ လူထုနဲ့ထိတွေ့တဲ့အခါ ပူးပေါင်းဆောင်ရွက်မှုရဖို့ စည်းရုံးဆော်ဩရတဲ့ အပိုင်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုရင်လည်း ဘယ်ဟာက လိုအပ်ချက်၊ ဘယ်ဟာက လိုလားချက်ဆိုတာမျိုးတာက အစ ခွဲထုတ်တတ်အောင် ပို့ချပေးတာတွေက ထိရောက်ပါတယ်။ လက်တွေ့လည်း အသုံးတည့်တဲ့ သင်ခန်းစာတွေမို့ အဆင်ပြေပါတယ်။ အခါသင့်ရင်လည်း ဒီလိုသင်တန်းမျိုးတွေ ထပ်တက်ချင်ပါသေးတယ်" ဟုမှတ်ချက်ပြုသည်။

လူမှုအသိုင်းအဝိုင်းနှင့်ရပ်ရွာဖွံ့ဖြိုးရေးသင်တန်းသို့ MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထိစပ်ကျေးရွာ (၁၄) ရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများ၊ ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များ၊ သင်ကြားရေးအထောက်အကူပြုနည်းပြများနှင့် ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများအပါအဝင် စုစုပေါင်း (၂၅) ဦး တက်ရောက်ခဲ့သည်။ ■












## မန်းရေနံမြေထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ပုံမှန်လည်ပတ်လျက်ရှိ

မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအနက် မင်းဘူးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ နယ်နိမိတ်ပြင်ပရှိ ကျေးရွာ (၁၃) ရွာတွင် ဒေသခံများကိုယ်တိုင်စီမံခန့်ခွဲမှုဖြင့် ကောင်းမွန်စွာလည်ပတ်လုပ်ကိုင်လျက်ရှိသည်။ MPRL E&P (CSR အစီအစဉ်) ၏ ပံ့ပိုးမှုဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလမှ စတင်လည်ပတ်ဆောင်ရွက်ခဲ့သည့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်အရ အဆိုပါအမှိုက်သိမ်းစနစ် ရေရှည်လည်ပတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကနဦးလုပ်ငန်းစတင်မှုမှ အမှိုက်သိမ်းစနစ်လည်ပတ်လျက်ရှိသည့် (၅) နှစ်တာကာလတစ်လျှောက်လုံးတွင် လိုအပ်သည့်အကူအညီများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ပံ့ပိုးခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှုများအနေဖြင့် အမှိုက်ကောက်ဦးရေ (၉၀၈) ဦးက အကြိမ်ရေ (၃၄) ကြိမ်ဖြင့် အမှိုက်ကီလို (၇၁၅) ကီလိုခန့်ကို စုပေါင်းအမှိုက်ကောက်နိုင်ယူနိုင်ခဲ့သည်။ ■



| ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်းအမှိုက်ကောက်လှုပ်ရှားမှုများ | | | | | |
|---|---|---|---|---|---|
| | ကျေးရွာ | အမှိုက်ကောက် အကြိမ်ရေ | အမှိုက်ကောက် သူဦးရေ | အမှိုက်အိတ်ပေါင်း | အမှိုက်ကီလိုပေါင်း |
| ဒီဇင်ဘာ | ၆ | ၉ | ၂၄၃ | ၄၀ | ၂၀၀ |
| ဇန်နဝါရီ | ၇ | ၁၃ | ၃၄၈ | ၅၆ | ၂၈၀ |
| ဖေဖော်ဝါရီ | ၇ | ၁၂ | ၃၁၇ | ၄၇ | ၂၃၅ |

## မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပုံမှန်ပံ့ပိုးလျက်ရှိ

မန်းရေနံမြေဒေသခံများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးလျက်ရှိသည့် MPRL E&P (CSR အစီအစဉ်) ၏ ရွေ့လျားဆေးပေးခန်းများကိုသတ်မှတ်ရက်၊ သတ်မှတ်နေရာအလိုက် ပုံမှန်အပတ်စဉ် ဖွင့်လှစ်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆေးခန်းဖွင့်လှစ်မှုအကြိမ်ရေ (၄၄၃) ကြိမ် ရှိပြီဖြစ်ပြီး အဆိုပါဆေးခန်းများသို့ လာရောက်ပြသမှုအကြိမ်ရေ (၁၃,၅၂၁) ကြိမ်ရှိပြီဖြစ်သည်။




| ရွေ့လျားဆေးပေးခန်းများဖြင့် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့်အခြေအနေ | | | |
|---|---|---|---|
| ဆေးခန်း ဖွင့်လှစ်သည့် လ | ဆေးခန်းဖွင့်လှစ်သည့် အကြိမ်ရေ | ဆေးခန်းသို့လာရောက် ပြသမှုအကြိမ်ရေ | အိမ်တိုင်ရာရောက်ကျန်းမာရေး စောင့်ရှောက်မှု အကြိမ်ရေ |
| ဒီဇင်ဘာလ | ၂၀ | ၅၃၀ | ၂ |
| ဇန်နဝါရီလ | ၂၂ | ၅၇၄ | ၀ |
| ဖေဖော်ဝါရီလ | ၁၆ | ၃၅၈ | ၂ |






# ဝါသနာအရင်းခံ စေတနာမှန်နှင့် လုပ်အားပေးကူ တို့မန်းရေနံမြေသူ

အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်တွင် လုပ်အားပေးပါဝင်ဆောင်ရွက်လျက်ရှိသော CSR ကွင်းဆင်းညှိနှိုင်းရေးမှူး ဒေါ်လွဲ့လွဲ့ခိုင်နှင့်တွေ့ဆုံခြင်း

ရေနံမြေဝန်ထမ်းမိသားစုမှ ဆင်းသက်လာပြီး မန်းရေနံမြေထိစပ်ကျေးရွာတစ်ခုဖြစ်သည့် အေးမြကျေးရွာတွင် ကြီးပြင်းခဲ့သည့် ဒေါ်လွဲ့လွဲ့ခိုင်သည် မိမိကိုယ်ကို မန်းရေနံမြေသူစစ်စစ်အဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့်ပင် သူမနေထိုင်ရာ မန်းရေနံမြေဒေသနှင့် ဒေသခံလူထုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစဉ်တကျကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။

MPRL E&P ကုမ္ပဏီအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာဒေသနှင့် ဒေသခံလူထု၏ဖွံ့ဖြိုးတိုးတက်အတွက် လူမှုတာဝန်သိ (CSR) လုပ်ငန်းများကို မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ရာတွင် ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုကို အားပေးကြိုဆိုလျက်ရှိသည်။

သို့ဖြစ်၍ ဒေါ်လွဲ့လွဲ့ခိုင်အတွက် "တိုင်း၍ယက်သည့် ပက္ကလာ၊ မိုးရွာသည်နှင့်အခန့်သင့်" ဆိုသကဲ့သို့ သူမနှင့် စိတ်သဘောချင်းတိုက်ဆိုင်ပြီး သူမကဲ့သို့ပင် မန်းရေနံမြေဒေသကောင်းကျိုးကိုလိုလားသည့် MPRL E&P ကုမ္ပဏီ၏ CSR လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်မှာ ဆယ်စုနှစ်တစ်စုကျော်ကာလရှိပြီဖြစ်သည်။ ဒေါ်လွဲ့လွဲ့ခိုင်သည် ၂၀၁၃ ခုနှစ်မှစတင်၍ ကုမ္ပဏီ၏ CSR လုပ်ငန်းများကို လက်တွဲပူးပေါင်းအကောင်အထည်ဖော်သည့် ဒေသခံစေတနာ့ဝန်ထမ်းအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ကုမ္ပဏီမှခန့်အပ်သည့် အမြဲတမ်းဝန်ထမ်းဖြစ်သော CSR ကွင်းဆင်းညှိနှိုင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

ယခင်က ကျောင်းဆရာမတစ်ဦးဖြစ်ခဲ့သည့် ဒေါ်လွဲ့လွဲ့ခိုင်သည် စာသင်ကြားရေးအတွေ့အကြုံနှင့် ဝါသနာပါသည့်အလျောက် ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသခံများ၏ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် အသိပညာမျှဝေသည့်အစီအစဉ်များကို အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် စတင်ခဲ့သည့် ဒေသခံမူလတန်းကလေးငယ်များအတွက် အွန်လိုင်းအသုံးပြု အင်္ဂလိပ်စာသင်ကြားရေး အစီအစဉ်တွင် သူမ၏မူလလုပ်ငန်းတာဝန်များအပြင် ပညာဒါနအနေဖြင့် ပူးပေါင်းပါဝင်သင်ကြားပို့ချခဲ့သည်။

ကုမ္ပဏီအနေဖြင့်လည်း CSR ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်လွဲ့လွဲ့ခိုင်၏ သင်ကြားရေးအထောက်အကူပြုနည်းပြအဖြစ် လုပ်အားပေးကူညီမှုကို အားပေးကြိုဆိုခဲ့သည်။

"ကျွန်မအနေနဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုရဲ့စွမ်းအားကို ယုံကြည်တယ်။ သင်ကြားရေးအထောက်အကူပြုနည်းပြအဖြစ် လုပ်အားပေးကူညီတာဟာ ကျွန်မတာဝန်ထမ်းဆောင်နေတဲ့ MPRL E&P ကုမ္ပဏီကို တစ်ဖက်တစ်လမ်းက ကူညီခွင့်ရတာဖြစ်ပြီး ကျွန်မတို့ မန်းရေနံမြေဒေသက ကလေးတွေရဲ့ အနာဂတ်ဘဝအပေါ်လည်း အဓိပ္ပါယ်ရှိတဲ့ အကျိုးသက်ရောက်မှုမျိုး ဖန်တီးပေးနိုင်တာဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု သူမကဆိုသည်။

ဒေါ်လွဲ့လွဲ့ခိုင်သည် အလုပ်တာဝန်ဝတ္တရားများကို ထမ်းဆောင်ရင်း အေးမြနှင့် နန်းဦးကျေးရွာတို့ရှိ လူထုအခြေပြုဗဟိုဌာနများ၌ ဖွင့်လှစ်ထားသော အွန်လိုင်းအင်္ဂလိပ်စာသင်ကြားရေးအစီအစဉ်တွင် ဒေသခံကလေးငယ်များကို အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်ကြားသည့်အလုပ်ကိုပါ ဟန်ချက်ညီညီ ထိန်းကျောင်းလုပ်ကိုင်လျက်ရှိသည်။

သူမအနေဖြင့် တာဝန်ခံဆရာမအဖြစ် လုပ်ကိုင်လျက်ရှိသည့် အေးမြကျေးရွာသင်တန်းတွင် အပတ်စဉ် တနင်္လာနေ့မှ ကြာသပတေးနေ့အထိ ညနေတိုင်း နှစ်နာရီကြာသင်ကြားပို့လျက်ရှိပြီး အပတ်စဉ် စနေနှင့် တနင်္ဂနွေ နံနက်တိုင်းတွင် နန်းဦးကျေးရွာလူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည့် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှု အစီအစဉ်တွင်လည်း သင်တန်းစီမံခန့်ခွဲမှုဆိုင်ရာအကူအညီများကို ပံ့ပိုးလျက်ရှိသည်။






ဒေါ်လွဲ့လွဲ့ခိုင်သည် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်တွင်ပါဝင်သည့် ဒေသခံသင်ကြားရေးအထောက်အကူပြုနည်းပြနှစ်ဦးကိုလည်း သင်ကြားရေးတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံကွန်ပျူတာအသုံးပြုနည်းနှင့် ဆက်စပ်သည့် အသိပညာများကို မျှဝေပေးသည့်အပြင် ထိရောက်သည့် စာသင်ကြားရေးနည်းလမ်းများနှင့် သင်တန်းသားများကို ထိန်းသိမ်းသင်ကြားနည်းများကိုလည်း လမ်းညွှန်ပေးခဲ့သည်။ ယင်းမှာ ဒေါ်လွဲ့လွဲ့ခိုင်အနေဖြင့် စာသင်ကြားခြင်းအတွေ့အကြုံနှင့် ဝါသနာသာမက တိုးတက်အောင်မြင်စေလိုသည့် စိတ်စေတနာကိုပါ ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် သာဓကတစ်ခုလည်း ဖြစ်သည်။

အွန်လိုင်းအင်္ဂလိပ်စာသင်ကြားရေး အစီအစဉ်နှင့်စပ်လျဉ်း၍ ဒေါ်လွဲ့လွဲ့ခိုင်က "ဒီအစီအစဉ်ဟာ ကျွန်မတို့ဒေသခံကလေးတွေအတွက် အခွင့်အလမ်းကောင်းတစ်ခုပါ။ မန်းရေနံမြေက ကလေးတွေအနေနဲ့ အင်္ဂလိပ်စာကို ကွန်ပျူတာအသုံးပြုပြီး အွန်လိုင်းကနေ စနစ်တကျ လေ့လာသင်ယူခွင့်ရတာ သူတို့အတွက်ကံထူးတာပါ။ ဒီအစီအစဉ်က ဒေသခံအမျိုးသမီးနှစ်ဦးကိုလည်း သင်ကြားရေးအထောက်အကူပြုနည်းပြတွေအဖြစ်ခန့်အပ်ထားပြီး သူတို့ရဲ့စွမ်းရည်ကိုလည်း စနစ်တကျ မြှင့်တင်ပေးနေတာဖြစ်လို့ အလုပ်အကိုင်အခွင့်အလမ်းအပြင် တစ်ကိုယ်ရည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖြစ်ထွန်းစေပါတယ်။ ကလေးတွေကလည်း တက်တက်ကြွကြွသင်ယူကြပြီး တိုးတက်လာကြသလို၊ မိဘတွေကလည်း လေးလေးစားစားပံ့ပိုးလို့ စာသင်ရတဲ့သူတွေမှာလည်း ပီတိဖြစ်ရပါတယ်" ဟု ဆိုသည်။

ရပ်ရွာဖွံ့ဖြိုးရေးတိုးတက်ရေးတွင် ပညာရေးကဏ္ဍ၏ အရေးကြီးပုံကို သိရှိနားလည်ပြီး တတ်စွမ်းသမျှ ပါဝင်အားထုတ် လုပ်ကိုင်လျက်ရှိသည့် ဒေါ်လွဲ့လွဲ့ခိုင်၏ စေတနာ့ဝန်ထမ်းစိတ်ဓာတ်သည် လူမှုအသိုင်းအဝိုင်းအတွင်း အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများကို သိသာထင်ရှားစေခြင်းလည်း ဖြစ်သည်။

"ဒီ MPRL E&P ကုမ္ပဏီမှာ အလုပ်လုပ်ခွင့်ရသရွေ့တော့ အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှု အစီအစဉ်မှာ လုပ်အားပေးအနေနဲ့ ကလေးတွေကို ဆက်ပြီးစာသင်ပေးဦးမှာပါ။ ဒါက အားလုံးအတွက် အကျိုးရှိပါတယ်။ ကလေးတွေကို ပညာဒါနမျှဝေခွင့်ရတာ ကျွန်မအတွက်လည်း စိတ်လက်ပေါ့ပါးပြီး ပျော်ရပါတယ်" ဟု ဆိုသည်။

ဆက်လက်၍ ဒေါ်လွဲ့လွဲ့ခိုင်က မန်းရေနံမြေဒေသရှိ ကလေးများအား အရည်အသွေးပြည့်မီသောပညာရေးကို ပိုမိုရရှိစေမည့် သင်ကြားရေးအစီအစဉ်များကို အခြားကျေးရွာများတွင်ပါ တိုးချဲ့ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားသည်ဟုဆိုသည်။ ထို့အပြင် အလုပ်တာဝန်များနှင့် ဝါသနာအရင်းခံ၍ စေတနာ့ဝန်ထမ်း ဆောင်ရွက်မှုများအတွက် ကြိုးပမ်းအားထုတ်မှုခရီးတစ်လျှောက် ပံ့ပိုးခဲ့သည့် ကုမ္ပဏီ၊ မိသားစုနှင့် မန်းရေနံမြေဒေသခံများကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ကြောင်း သူမက မှတ်ချက်ပြုသည်။ ■



စာမျက်နှာ - ၅ မှ အဆက်➤



ဒေါ်စုဒေဝီထွန်း
(သင်ကြားရေးအထောက်အကူပြုနည်းပြ)

"ကျွန်မအနေနဲ့ နန်းဦးကျေးရွာ အင်္ဂလိပ်စာသင်တန်းမှာ ပညာရေးအထောက်အကူပြုနည်းပြအနေနဲ့ လုပ်ကိုင်နေတာ (၅) လလောက်ရှိပါပြီ။ ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့တွေမှာတော့ အေးမြကျေးရွာ သင်တန်းကျောင်းက အွန်လိုင်းအင်္ဂလိပ်စာသင်တန်းမှာဝိုင်းကူရင်းနဲ့ ဆရာမ ဒေါ်လွဲ့လွဲ့ခိုင်ရဲ့ စာသင်ပြပုံနဲ့ သင်တန်းသားတွေထိန်းကျောင်းပုံတွေလည်း တခါတည်း လေ့လာပါတယ်။ စနေ၊ တနင်္ဂနွေနံနက်ပိုင်းတွေမှာတော့ နန်းဦးကျေးရွာသင်တန်းကျောင်းမှာ ဆရာမ ဒေါ်စိုးစိုးနွယ်နဲ့အတူ အွန်လိုင်းအင်္ဂလိပ်စာသင်ပေးပါတယ်။ အေးမြကျောင်းကိုရောက်တော့ ကလေးတွေက သူတို့ကလေးအဆင့်နဲ့ကိုက်ညီတဲ့ အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင်ရနေပြီဆိုတာကို မြင်တွေ့ခဲ့ရပါတယ်။ သူတို့ကိုယ်တိုင်ကလည်း ပညာလိုချင်စိတ်ရှိတယ်။ စိတ်ဝင်စားမှုလည်း ရှိတယ်။ ဆရာမတွေ မသင်သေးရင်တောင်မှ သူတို့ကိုယ်တိုင် ဝင်လေ့လာနေတာမျိုး၊ မသိရင် မေးတာမျိုး၊ အချင်းချင်း အပြန်အလှန်စကားပြောလေ့ကျင့်နေတာမျိုးတွေကို တွေ့ရပါတယ်။ နန်းဦးက ကလေးတွေကတော့ အခုမှ သင်တန်းစသင်ခါစဖြစ်တာမို့ နောင်ကျရင် သူတို့လည်း အေးမြသင်တန်းက ကလေးတွေလို ထူးချွန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မအနေနဲ့ စာမသင်ခင် သဒ္ဒါ၊ စာလုံးပေါင်းသတ်ပုံတွေနဲ့ ကွန်ပျူတာအသုံးပြုမှုကို အဓိကထားလေ့လာပါတယ်။ စာမသင်ခင် MSU ပလက်ဖောင်းက Teacher Portal ထဲကိုဝင်ပြီး လေ့လာရပါတယ်။ သင်ရမယ့်စာတွေကို ကိုယ်တိုင်ပြင်ဆင်ပြီး ကြိုတင်လေ့လာတာမျိုးတွေလုပ်ပါတယ်။ အခု အသုံးပြုနေတဲ့ MSU ပလက်ဖောင်းက သင်ကြားရေးမှာ တကယ်အထောက်ကူပြုပါတယ်။ ဒါကိုအဓိကအသုံးပြုနေတာမို့ ဆရာမတွေနဲ့ သင်တန်းသားတွေပါ အင်္ဂလိပ်စာအသံထွက်တွေလည်း ပိုပြီးမှန်လာပါတယ်။

ဒီသင်ကြားရေးအခွင့်အလမ်းဟာ ကျွန်မတို့မန်းရေနံမြေဒေသက ကလေးတွေအတွက် အချိန်ကို အကျိုးရှိရှိကုန်ဆုံးစေတာတာပဲ ဖြစ်ပါတယ်။ MPRL E&P ကုမ္ပဏီရဲ့ CSR အစီအစဉ်က အင်္ဂလိပ်စာသင်တန်းတွေအပြင် ကျွန်မတို့လို ဒေသခံအမျိုးသမီးတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ဖန်တီးပေးတဲ့အတွက် ကျွန်မအနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ်။"



ဒေါ်လွဲ့လွဲ့ခိုင်
(CSR ကွင်းဆင်းညှိနှိုင်းရေးမှူး)

"အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်မှာ ပညာရေးအထောက်အကူပြုနည်းပြအဖြစ် လုပ်အားပေး ဝင်လုပ်နေတာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလကတည်းက ဖြစ်ပါတယ်။ တနင်္လာနေ့ကနေ ကြာသပတေးနေ့အထိ ညနေပိုင်းတွေမှာ အေးမြမှာ တာဝန်ခံဆရာမအနေနဲ့ သင်ကြားပေးပါတယ်။ စနေ၊ တနင်္ဂနွေ နံနက်ပိုင်းမှာတော့ နန်းဦးကျေးရွာက သင်တန်းကိုတော့လိုအပ်တာကို သွားပြီး ကူညီပေးပါတယ်။ နန်းဦးသင်တန်းကျောင်းမှာလည်း သင်တန်းသားတွေရဲ့ လေ့လာသင်ယူမှုအခြေအနေကို စောင့်ကြည့်တယ်။ သင်တန်းဆရာမတွေကို ပိုပြီးထိရောက်မှု ရှိစေမယ့် သင်ကြားရေးနည်းလမ်းတွေကို အကြံပြုပေးပါတယ်။ ကျွန်မတာဝန်ယူသင်ကြားတဲ့ အေးမြသင်တန်းကျောင်းက သင်တန်းသားတွေအနေနဲ့ ကွန်ပျူတာကိုလေ့ကျင့်ပြီး အွန်လိုင်းကနေပညာရမယ့် အင်္ဂလိပ်စာဗီဒီယိုတွေ ကြည့်တတ်အောင်လည်း သင်ပေးပါတယ်။ ကလေးတွေလည်း MSU ပလက်ဖောင်းကိုသုံးပြီး စာကို သေသေချာချာလေ့လာကြပါတယ်။ ကျွန်မအနေနဲ့ စာသင်တဲ့အခါမှာ ထိရောက်မှုရှိစေဖို့ သင်ရမယ့်သင်ခန်းစာတွေကို အချိန်ပေးပြီးပြင်သလို သင်ရမယ့် နည်းလမ်းတွေကိုလည်း ကြိုတင်စဉ်းစားပြီးမှ သင်ပါတယ်။ ဒါကြောင့် ဒီသင်တန်းက ကလေးတွေရဲ့ အင်္ဂလိပ်စာဖွံ့ဖြိုးတိုးတက်စေတဲ့အပြင် ကျွန်မရဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှုကိုလည်း ပိုပြီးတိုးတက်လာစေပါတယ်။ ကိုယ့်ဒေသက ကလေးတွေကို တိုးတက်အောင် သင်ကြားခွင့်ရလို့လည်း ဝမ်းသာရပါတယ်။ မန်းရေနံမြေထဲက အခြားကျေးရွာများတွေကလည်း သူတို့ရွာတွေမှာ ဒီလို အွန်လိုင်းအင်္ဂလိပ်စာအစီအစဉ်တွေ လာဖွင့်နိုင်ဖို့ ပြောကြတာတွေလည်းရှိပါတယ်။ ဒါက ဒီအွန်လိုင်းအင်္ဂလိပ်စာအစီအစဉ်ရဲ့ အောင်မြင်မှုတစ်ခုလို့ပဲ ထင်ပါတယ်။ ဒီသင်တန်း အစီအစဉ်က ကုမ္ပဏီရဲ့ CSR လုပ်ငန်းတွေထဲက ကဏ္ဍတစ်ခုဖြစ်ပြီး စာကြည့်တိုက်ရှိတဲ့ ကျေးရွာတွေအနေနဲ့ ကိုယ့်ကျေးရွာစာကြည့်တိုက်ကို ပုံမှန်လည်ပတ်ဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်မှုတွေလုပ်ဖို့ အကြံပြုလိုပါတယ်။ ပြီးရင် စာကြည့်တိုက်ကနေ လူထုအခြေပြုဗဟိုဌာန (Community Center) အဆင့်ထိရောက်အောင် ကြိုးစားသင့်ပါတယ်။ စာကြည့်တိုက်ကနေ လူထုအခြေပြုဗဟိုဌာန ဖြစ်လာပြီဆိုရင် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းတွေ၊ နွေရာသီပန်းချီသင်တန်းတွေလိုမျိုး သင်တန်းတွေကို လက်ခံဖွင့်လှစ်နိုင်မှာဖြစ်ပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကြိုးပမ်းမှုတွေကိုလည်း ပိုပြီးလုပ်နိုင်မှာဖြစ်ပါတယ်။" ■

ကျောဖုံးမှ အဆက် ➤

ထိစပ်ကျေးရွာ (၁၄) ရွာနေ မိသားစုများ၏ ရှင်သာမဏေလောင်းလျာ (၇၁) ပါးအတွက် လိုအပ်သည့် သင်္ကန်းပရိက္ခရာနှင့် အခြားလှူဖွယ်ပစ္စည်းများကို ကုမ္ပဏီဝန်ထမ်းမိသားစုများအနေဖြင့် ပူးပေါင်းပါဝင်လှူဒါန်းနိုင်ရေးကြိုတင်အသိပေးနှိုးဆော်ခဲ့သည်။

"ကျွန်တော်တို့ CSR လုပ်ငန်းအဖွဲ့ဝင်တွေအနေနဲ့ ရှင်ပြုမင်္ဂလာအခမ်းအနားအတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေနဲ့အတူ ရှင်သာမဏေတွေအတွက် သင်္ကန်းပရိက္ခရာနဲ့ တစ်ပတ်စာဆွမ်းစရိတ်အတွက် လှူဒါန်းပါဝင်နိုင်အောင် ကုမ္ပဏီဝန်ထမ်းတွေအားလုံးကိုလည်း နှိုးဆော်တိုက်တွန်းခဲ့ပါတယ်။ ဒါကြောင့် ဝန်ထမ်းမိသားစုတွေကနေ လှူဖွယ်ဝတ္ထုနဲ့ပစ္စည်းတွေကို အချိန်မီပေးပို့လှူဒါန်းနိုင်ခဲ့ပါတယ်။ ဒီရှင်ပြုမင်္ဂလာအခမ်းအနားက ပိုပြီးပြည့်ပြည့်စုံစုံနဲ့ ကုမ္ပဏီနဲ့အတူ ဝန်ထမ်းမိသားစုတွေပါ ပါဝင်တဲ့ ကုသိုလ်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။" ဟု ရှင်ပြုမင်္ဂလာအခမ်းအနားတွင် ပါဝင်စီစဉ်ဆောင်ရွက်ခဲ့သည့် CSR & Communications Department မှ Senior CSR Officer ဦးစောအယ်စာဘလုထူးက ဆိုသည်။













MPRL E&P ၏ မန်းရေနံမြေဒေသခံများ၏ ရင်နှစ်သည်းချာသားရတနာများအတွက် ရှင်ပြုမင်္ဂလာအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ (၇) နေ့တွင် မန်းရေနံမြေရှိ အောက်ကျောင်းဘုရားဝင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိ ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာအပါး (၂၇) ပါးအမှူးပြုသော သံဃာတော်များအတွက် လှူဖွယ်ဝတ္ထုအဖြစ် သံဃာတော်တစ်ပါးလျှင် ကျပ် (၁) သိန်းစီဖြင့် ကျပ် (၂၇) သိန်း၊ ဆွမ်းနှင့်လှူဖွယ်သင်္ကန်းများကိုပါ ဆက်ကပ်လှူဒါန်းခဲ့သည်။ ရှင်ပြုမင်္ဂလာအခမ်းအနားတွင် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာမှ မောင်ရှင်လောင်း (၇၁) ပါးကို အောက်ကျောင်းကျေးရွာဘုန်းတော်ကြီးကျောင်း၏ ပဓာနနာယက ဆရာတော် ဦးစန္ဒာဝရ အမှူးပြု၍ သက်ဆိုင်ရာကျေးရွာအလိုက် ဘုန်းတော်ကြီးကျောင်းများ၏ ပဓာနနာယက ဆရာတော်များကို ဥပဇ္ဈယ်ပြုကာ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့သည်။

အဆိုပါ ရှင်သာမဏေများအနေဖြင့် ကျေးရွာအလိုက် ကြိုတင်စီမံထားသည့်အတိုင်း သီတင်းပတ်ခုနစ်ရက်နှင့် မိမိတို့ဆန္ဒရှိသရွေ့ ရှင်သာမဏေများအဖြစ် သက်ဆိုင်ရာကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနေထိုင်ခဲ့ကြသည်။ သာမဏေများအတွက် ခုနစ်ရက်စာဆွမ်းစရိတ်ကို CSR ရန်ပုံငွေနှင့် ဝန်ထမ်းမိသားစုများ၏ လှူဒါန်းငွေများဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကာ ခုနစ်ရက်ထက်ကျော်လွန်ပြီး ရှင်သာမဏေပြုသူများအတွက် သက်ဆိုင်ရာမိဘ၊ ဆွေမျိုးများက ဆက်လက်ထောက်ပံ့လှူဒါန်းမှုပြုမည်ဖြစ်သည်။

ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားအတွက် MPRL E&P (CSR အစီအစဉ်)၊ MPRL E&P ဝန်ထမ်းမိသားစုများ၊ Myint & Associates (မန်းရေနံမြေစီမံကိန်း) ဝန်ထမ်းမိသားစုများ၏ ပူးပေါင်းပါဝင်လှူဒါန်းငွေ ကျပ်သိန်း (၁၃၀) အပါအဝင် စုစုပေါင်း ကျပ် ၃၀,၆၆၉,၁၅၀ (ကျပ်သိန်းသုံးရာခြောက်သိန်းခြောက်သောင်းကိုးထောင့်တစ်ရာ့ငါးဆယ်) အကုန်အကျခံ၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အလှူထမင်း၊ အလှူဟင်းများ ချက်ပြုတ်စီမံရေးနှင့် တည်ခင်းဧည့်ခံရေးအပိုင်းတွင် ဦးဆောင်တာဝန်ယူခဲ့သည့် အောက်ကျောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးက "ကျွန်တော်တို့ရပ်ရွာမှာ ဒီလိုရှင်ပြုမင်္ဂလာအခမ်းအနားကို ခြိမ့်ခြိမ့်သည်းကျင်းပနိုင်ဖို့ ကမကထပြုပြီး ဦးဆောင်စီစဉ်ဆောင်ရွက်ပေးတဲ့ MPRL E&P (CSR အစီအစဉ်) ကို တကယ်ကျေးဇူးတင်ပါတယ်။ ဒီအလှူပွဲကြီးမှာ ကျွန်တော်တို့အောက်ကျောင်းရွာက မောင်ရှင်လောင်း (၇) ဦးလည်းပါပါတယ်။ ကျွန်တော်တို့ဒေသက ရှင်သာ







မဏေမပြုရသေးတဲ့ မောင်ရှင်လောင်းလေးတွေအတွက်လည်း အင်မတန်ဝမ်းမြောက်ရပါတယ်။ အောက်ကျောင်းက ချက်ပြုတ်၊ ပြင်ဆင်၊ ဧည့်ခံအဖွဲ့တွေ စုစုပေါင်းအဖွဲ့ဝင် (၃၁) ဦးကိုစုစည်းပြီး စနစ်တကျဖြစ်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့တာကိုလည်း အားရပါတယ်။ အောက်ကျောင်းဘုရားကြီးမှာကျင်းပတဲ့ ဒီအလှူပွဲကြီးအတွက်လည်း ရွာခံတစ်ယောက်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ရသလို စနစ်တကျ ကျွေးမွေးဧည့်ခံနိုင်အောင်စီစဉ်နိုင်ခဲ့တာမို့ အတိုင်းထက်အလွန်ကို အောင်မြင်တဲ့မင်္ဂလာပါပဲဗျာ” ဟု ဦးကျော်စိုးက ဝမ်းမြောက်စကားဆိုသည်။

အောက်ကျောင်းဘုရားကြီးဝင်းအတွင်း ပြုလုပ်သည့် MPRL E&P ၏ ရှင်ပြုမင်္ဂလာတွင် ရပ်ရွာခလေ့ “ပွဲရိုး” ဟု ခေါ် သည့် အလှူထမင်း၊ အလှူဟင်းများအဖြစ် ငါးခြောက်ထောင်းကြော်၊ ပဲတီချဉ်သုပ်၊ ငရုတ်သီးကြော်၊ ပဲဟင်းချိုတို့ဖြင့် အခမ်းအနားတက်ရောက်ကြသည့် ဒေသခံများနှင့် တာဝန်ရှိသူများကို တည်ခင်းဧည့်ခံခဲ့ပြီး ရှင်ပြုအလှူပွဲသို့ ဒေသခံ စုစုပေါင်း (၂,၇၀၀) ကျော်ခန့် တက်ရောက်ခဲ့သည်။





MPRL E&P သည် မိမိတို့လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာ မန်းရေနံမြေဒေသခံများနှင့် မိသားစု အသိုက်အဝန်းတစ်ခုကဲ့သို့မှတ်ယူကာ ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မန်းရေနံမြေဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုပါ တစ်ပါတည်းအကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ မန်းရေနံမြေရှိ ဒေသခံမိသားစုများ၏ ရင်နှစ်သည်းချာသားရတနာများကို ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်သည့် ရှင်ပြုမင်္ဂလာအခမ်းအနားသည် MPRL E&P ၏ ဒေသခံများအပေါ်ထားရှိသည့် ကောင်းမွန်သည့် စိတ်စေတနာနှင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ရိုးရာအစဉ်အလာတစ်ခုကို ပူးပေါင်း ထိန်းသိမ်းဖော်ဆောင်ခြင်းလည်းဖြစ်သည်။ ရှင်ပြုမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ကုမ္ပဏီနှင့် ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ရရှိသည့် အောင်မြင်မှုပန်းတိုင်တစ်ခုဖြစ်ကာ မန်းရေနံမြေတွင် ကုမ္ပဏီအနေဖြင့်ဖော်ဆောင်လျက်ရှိသည့် ခိုင်မာသည့်အသိုက်အဝန်းတစ်ခုတည်ထောင်မှု၏ ပြယုဂ်တစ်ခုအဖြစ်လည်း ရှုမြင်နိုင်မည်ဖြစ်ပါသည်။ ■



“ကျွန်မသားအမွှာလေးနှစ်ယောက်က အခုဆို (၁၃) နှစ်ထဲဝင်ပါပြီ။ မိဘတို့ဝတ္တရားရှိတဲ့အတိုင်း ရှင်ပြုပေးဖို့မှာ အခုလိုအခါအခွင့်သင့်ချိန်မှာ ကုမ္ပဏီအနေနဲ့ ကမကထပြုပေးတော့ အတိုင်းမသိဝမ်းသာရပါတယ်။ ကျွန်မတို့လို မပြည့်စုံသေးသူတွေအတွက်တော့ မောင်ရှင်လောင်းသားကို ကိုရင်ဘဝနဲ့ မြင်တွေ့ရတဲ့ခံစားချက်က ပြောမပြတတ်အောင်ဝမ်းမြောက်ကြည်နူးရပါတယ်။ MPRL E&P ကုမ္ပဏီလည်း ဒီထက်မက အောင်မြင်တိုးတက်ပါစေ” ဟု လေးအိမ်တန်းကျေးရွာမှ အမွှာမောင်ရှင်လောင်းနှစ်ပါး၏ မိခင်ဖြစ်သူ ဒေါ်အိအိလှိုင်က ကြည်နူးစကားဆိုသည်။












## ဓလေ့စဉ်လာထိန်းသိမ်းကာ၊ စည်းလုံးညီညွတ်မှုစံနမူနာ

# "တို့မန်းဒေသ ရှင်ပြုမင်္ဂလာ"

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီသည် မန်းရေနံမြေဒေသခံများကို မိမိတို့၏ လုပ်ငန်းဆိုင်ရာ အဓိကမိတ်ဖက်များအဖြစ် မှတ်ယူပြီး မန်းရေနံမြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ရှေးရှု ဆောင်ရွက်လျက်ရှိပါသည်။ မန်းရေနံမြေဒေသသည် မြန်မာရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အလေးထားလိုက်နာကြသည့် ဗုဒ္ဓဘာသာမြန်မာလူမျိုးများ အများစုနေထိုင်လျက်ရှိသည့်ဒေသဖြစ်သည်။ မြန်မာအမျိုးသားပိုင်ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီတစ်ခုဖြစ်သည့် MPRL E&P အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို လေးစားလိုက်နာပြီး အလေးထားထိန်းသိမ်းလျက်ရှိရာ မန်းရေနံမြေဒေသအတွင်း ဗုဒ္ဓသာသနာတိုးတက်ထွန်းကားရေးအတွက် သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ မြန်မာလများတွင် အချိန်ကာလအလိုက်ပြုလုပ်ကြသည့် ဒေသခံများ၏ ဘာသာရေး၊ လူမှုရေးအခမ်းအနားများတွင် လှူဒါန်းထောက်ပံ့ခြင်းနှင့် ဘာသာရေးနှင့် နီးနွယ်ပွဲတော်များတွင်ပါ ဝန်ထမ်းမိသားစုများက ပူးပေါင်းပါဝင်ဆင်နွှဲလျက်ရှိပါသည်။

၂၀၂၄ ခုနှစ်နွေရာသီကျောင်းပိတ်ရက်များတွင် မန်းရေနံမြေရှိ ဒေသခံ (၁၀,၀၀၀) ကျော်အနက် သားရတနာများကို ရှင်သာမဏေပြုပေးရန် အခက်အခဲရှိသည့် မိသားစုများအတွက် MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ရှင်ပြုမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ခဲ့ပြီး သာသနာ့အမွေခံယူနိုင်စေမည့်အခွင့်အလမ်းကို ပံ့ပိုးခဲ့သည်။ သားယောက်ျားလေးများကို အသက်နှစ်ဆယ်မတိုင်မီ







သာသနာ့ဘောင်သို့သွတ်သွင်း၍ ရှင်သာမဏေပြုစေသည့် ရှင်ပြုမင်္ဂလာအခမ်းအနားသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်သည်။ ထို့အပြင် မြန်မာ့ယဉ်ကျေးမှုတွင် မိဘတို့၏ဝတ္တရားအရ သားရတနာများကို ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာ့အမွေခံယူစေခြင်းသည် ကုသိုလ်တရား (၁၂) ပါးအနက် တစ်ပါးအပါအဝင်ဖြစ်သည်။ ကာလအပိုင်းအခြားအလိုက် ရှင်သာမဏေပြု၍ သာသနာ့အမွေခံယူရာတွင် ဗုဒ္ဓသာသနာနှင့် တရားဓမ္မများကို ခေတ္တခဏတာထိတွေ့ခွင့်ရရှိခြင်းမှသည် ဘဝတစ်သက်တာနက်နဲစွာလေ့လာနိုင်ရန် တွန်းအားလည်းဖြစ်စေပါသည်။

MPRL E&P ကုမ္ပဏီ၏ CSR လုပ်ငန်းများကို ဦးဆောင်စီမံခန့်ခွဲလျက်ရှိသည့် Head of Corporate Sustainability ဒေါ်ဝတ်မှုံတင်လတ်က ရှင်ပြုမင်္ဂလာအခမ်းအနားရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ "ကုမ္ပဏီရဲ့ CSR လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ရင်း မန်းရေနံမြေမှာနေထိုင်ကြတဲ့ ဒေသခံတွေထဲမှာ မပြေလည်တဲ့ မိသားစုတွေရဲ့ သားရတနာတွေအတွက် ရှင်သာမဏေပြုပေးဖို့ အခက်အခဲရှိကြတာလေးတွေကိုလည်း သတိပြုမိပါတယ်။ ဒါ့ကြောင့် မြန်မာ့ရိုးရာထုံးတမ်းစဉ်လာတစ်ခုကို ဆက်ပြီးထိန်းသိမ်းတာနဲ့ ဒေသခံတွေရဲ့ဘာသာရေးလူမှုရေးအရ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးလိုတဲ့ ရည်ရွယ်ချက်နဲ့ ရှင်ပြုမင်္ဂလာကို MPRL E&P (CSR အစီအစဉ်) ကနေ ကမကထပြုပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တွေနဲ့ပူးပေါင်းပြီး ၂၀၂၄ ခုနှစ်၊ မတ်လမှာ ကျင်းပနိုင်အောင်စီစဉ်ခဲ့ပါတယ်။ ဒီအခမ်းအနားကို အနှစ်သာရပြည့်ပြည့်ဝဝနဲ့ စနစ်တကျ ကျင်းပနိုင်အောင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ကတည်းက လစဉ်တိုင်ပင်ဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်တာပါ။ ဒီအခမ်းအနားက မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ အရေးပါတဲ့စံတန်ဖိုးတွေကို မျှဝေခံစားပြီး ဒေသခံရပ်ရွာလူထုရဲ့ စည်းလုံးညီညွတ်မှုစံနမူနာအဖြစ် မန်းနံမြေဒေသလုံးဆိုင်ရာ အခမ်းအနားတစ်ခုအနေနဲ့ပါ သရုပ်ဖော်နိုင်ခဲ့ပါတယ်။" ဟု ရှင်းပြသည်။

MPRL E&P ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်နှင့်မိသားစုအနေဖြင့် အထူးပံ့ပိုးလှူဒါန်းထားပြီး မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များကလည်း စဉ်ဆက်မပြတ်လှူဒါန်းပံ့ပိုးလျက်ရှိသည့် မန်းရေနံမြေရှိ အောက်ကျောင်းဘုရားဝင်းအတွင်း ရှင်ပြုမင်္ဂလာအခမ်းအနားကို မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီကျင်းပပြုလုပ်နိုင်ရန် အသေးစိတ် စီစဉ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ရှင်ပြုမင်္ဂလာအခမ်းအနားကို MPRL E&P ၏ CSR ရန်ပုံငွေဖြင့် မတည်ကျင်းပနိုင်ရန်စီစဉ်ခဲ့ပြီး မန်းရေနံမြေရှိ

စာမျက်နှာ - ၁၈ ➤

